မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်၊ ၂၀၀၉ ခုနှစ်၊ အောက်တိုဘာ ၃၀ ရက်၊ သောကြာနေ့၊ အတွဲ (၄၉)၊ အမှတ် (၃၀)

သီပေါနှင့် လားရှိုးမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် အောက်တိုဘာ ၂၇ရက် ညနေပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ ပြည်သူ့ဆေးရုံ တိုးချဲ့ဆေးရုံအဆောက်အအုံနှင့် ဝန်ထမ်းများ နေအိမ်တည်ဆောက်ခြင်းစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် တာဝန်ရှိသူများက စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ■

သတင်းခရီးသည်
မြင့်မောင်စိုး

ဓာတ်ပုံမှတ်တမ်း
မျိုးမင်းသိန်း(မရမ်းကုန်း)

စာမျက်နှာဖွဲ့စည်းမှု
ဉာဏ်ဖြိုး(မြန်မာ့အလင်း)

ဒေသခံတိုင်းရင်းသားပြည်သူများ အားထားရာ မိုးညှင်းခရိုင် ပြည်သူ့ဆေးရုံ

ရန်ကုန် အောက်တိုဘာ ၂၉

မိုးညှင်းမြို့သည် ကချင်ပြည်နယ်အတွင်းရှိ ခရိုင်လေးခုအနက် တစ်ခုအပါအဝင် ဖြစ်သည်။ ကချင်ပြည်နယ်၏ တောင်ဘက်အစွန်ဆုံး ခရိုင်မြို့ဖြစ်သည်။ ခရိုင်မြို့ဖြစ်ခြင်းကြောင့် ဒေသခံပြည်သူများ အားထားရာ ခရိုင်ပြည်သူ့ဆေးရုံကြီးကလည်း ခိုင်ခိုင်မာမာ တည်ရှိနေသည်။

စာမျက်နှာ ၈ ကော်လံ ၅ ◆

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကျေးလက်သားဖွားခန်း ဆားထုံးကျေးရွာ၌ဖွင့်

ဆားလင်းကြီး

အောက်တိုဘာ ၂၉

မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် ဆားထုံးကျေးရွာ ကျေးလက် ကျန်းမာရေးဌာန ကျေးလက်သားဖွားခန်းဖွင့်ပွဲကို စက်တင်ဘာ ၂၉ရက် နံနက် ၉နာရီက အဆိုပါ ကျေးလက်ကျန်းမာရေးဌာန၌ ကျင်းပသည်။

အခမ်းအနားတွင်မြို့နယ် ဥက္ကဋ္ဌ ဦးတင်မျိုးအောင်က အမှာစကား ပြောကြားပြီး စစ်ကိုင်းတိုင်း မီခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဆရာဝန်ကြီး ဒေါက်တာမြမြဝင်းနှင့် ဆားထုံး ကျေးလက်ကျန်းမာရေးဌာနမှ ကျန်းမာရေးမှူး ဦးကံဝင်းတို့က သားဖွားခန်း

စာမျက်နှာ ၃ ကော်လံ ၃ ❐

မိုးညှင်းခရိုင် ပြည်သူ့ဆေးရုံကြီး

မိုးညှင်းခရိုင် ပြည်သူ့ဆေးရုံအဆောက်အအုံကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

တိမ် အသင့်အတင့်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မြန်မာ့အလှ သဘာဝဖြစ်တည်နေသော ချင်းတောင်တန်းပေါ်က သာမောဖွယ်ရာ ရိဒ်ရေကန်သာ

ရန်ကုန် အောက်တိုဘာ ၂၉

ချင်းပြည်နယ် ဖလမ်းမြို့ ရိဒ်ခေါဒါရ်မြို့တွင် ရှိသည့် အထင်ရှားဆုံးသော ရိဒ်ရေကန်ကြီးသည် ပင်လယ်ရေမျက်နှာပြင် အထက်ပေပေါင်း ၂၉၆၆ပေ အမြင့်တွင် ထူးခြားစွာ ဖြစ်ပေါ်နေသော ရေကန်ဖြစ်ပြီး ရေကန်၏ ပတ်ပတ်လည်သည် သုံးမိုင်ခန့် ကျယ်ဝန်းသည်။

ထူးခြား ထည်ဝါလှပသော ရိဒ်ရေကန်က ချင်းပြည်နယ်၏ အလှသဘာဝကို ထပ်ဆင့် ဖော်ကျူးနေကာ အပန်းဖြေ လာရောက်ကြသူများနှင့် စည်ကားလျှက်ရှိသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

သတင်းမှတ်စု
တင်မာဝင်း နှင့်
အေးသန္တာသိန်း

သတင်းဓာတ်ပုံ
မြန်မာ့အလင်း

စာမျက်နှာဖွဲ့စည်းမှု
လှိုင်လှိုင်သင်း

30-10 (01).pmd 1 10/29/2009, 1:44 PM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် အောက်တိုဘာ ၃၀ ရက်)

အရှေ့အာရှနိုင်ငံများ၏ဆက်ဆံရေး တိုးမြှင့်ဖော်ဆောင် လက်တွဲပူးပေါင်းဆောင်ရွက်မှု တည်တံ့ခိုင်မြဲ

ထိုင်းနိုင်ငံ ဟွာဟင်းမြို့ Dusit Thani Hotel ၌ (၄)ကြိမ်မြောက် အရှေ့အာရှ ထိပ်သီးအစည်းအဝေးနှင့် (၁၅)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေး ပိတ်ပွဲအခမ်းအနားကို အောက်တိုဘာလ ၂၅ရက်နေ့က ကျင်းပခဲ့ရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ခဲ့သည်။

(၄)ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးသို့ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ၊ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံ၊ စင်ကာပူသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံ၊ နယူးဇီလန်နိုင်ငံတို့မှ ဝန်ကြီးချုပ်များ၊ ကိုရီးယားသမ္မတနိုင်ငံ သမ္မတနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ခဲ့ကြသည်။

ယင်းထိပ်သီးအစည်းအဝေးတွင် အရှေ့အာရှနိုင်ငံများ၏ ခေါင်းဆောင်များက ကိုရီးယားကျွန်းဆွယ်၌ နျူကလီးယားလက်နက်ကင်းစင်ရေး၊ ဘဏ္ဍာရေးနှင့် စီးပွားရေးအခက်အခဲကျော်လွှားရေး၊ ကိုပင်ဟေဂင် ပတ်ဝန်းကျင်ထိပ်သီးအစည်းအဝေးအောင်မြင်ရေး၊ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေး၊ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး၊ စားနပ်ရိက္ခာနှင့် စွမ်းအင်၊ ဘဏ္ဍာရေးအကျပ်အတည်းများ စုပေါင်းဖြေရှင်းရေး၊ အရှေ့အာရှအသိုက်အဝန်း ထူထောင်ရေးကိစ္စများအပေါ် ညှိနှိုင်းဆွေးနွေးပြီး အမြင်ချင်းဖလှယ်ခဲ့ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်သည် အရှေ့အာရှနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့်အတူ အရှေ့အာရှ နိုင်ငံခေါင်းဆောင်များ၏ အလုပ်သဘော နေ့လယ်စာစားပွဲသို့လည်း တက်ရောက်ခဲ့ပြီး ယင်းအလုပ်သဘော နေ့လယ်စာစားပွဲတွင် ဩစတြေးလျနိုင်ငံ ဝန်ကြီးချုပ်က အာရှ-ပစိဖိတ် အသိုက်အဝန်းကို သက္ကရာဇ် ၂၀၂၀ တွင် တည်ထောင်ရန် အဆိုပြုတင်ပြခဲ့ရာ အရှေ့အာရှ နိုင်ငံခေါင်းဆောင်များက ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကာ အာဆီယံနိုင်ငံအကြီးအကဲများက ဩစတြေးလျနိုင်ငံ၏အဆိုပြုချက်ကို ရေရှည်ရည်မှန်းချက်အဖြစ် အသိအမှတ်ပြုခဲ့ကြသည်။

သို့ဖြစ်ပေရာ အရှေ့အာရှနိုင်ငံများမှ နိုင်ငံအကြီးအကဲများ၏ဆွေးနွေးမှု၊ အမြင်ချင်းဖလှယ်မှု၊ ပူးပေါင်းဆောင်ရွက်မှုတို့သည် အရှေ့အာရှနိုင်ငံများနှင့် အာဆီယံနိုင်ငံများ၏ဆက်ဆံရေးများ တိုးမြှင့်လာမည်ဖြစ်ပြီး လက်တွဲပူးပေါင်းဆောင်ရွက်မှုများ အောင်မြင်လာနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မင်းတပ်၌ ကျေးလက်မြေသားလမ်းတာခံ

မင်းတပ် အောက်တိုဘာ ၂၉

မင်းတပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းလုပ်ငန်းဖြင့် အိမ်နူးကျေးရွာလမ်း (ပေ၁၂၅၀၀×၃ပေ×၆ပေ) မြေသားလမ်း တာခံခြင်း ဆောင်ရွက်ဆဲလုပ်ငန်းအခြေအနေကို ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်အင်ဂျင်နီယာ ဦးသက်တင် အောက်တိုဘာ ၁၂ ရက်တွင် ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေကို ရှင်းလင်းတင်ပြခဲ့သည်။ (ပြည်နယ် ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြား

၃၀-၁၀-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၁၀	၃။	ဓမ္မပူဇာတေး
၇း၂၀	၄။	မျိုးချစ်တပ်မတော်
၇း၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၇။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၈။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၉။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၁။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	အိုင်စီတီသုတ
၄း၂၀	၄။	ရင်ခုန်စီးဆင်း အချစ်သီချင်း
၄း၃၅	၅။	မဟာဂီတ ချိုကြည်မြ
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၀၀	၇။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅း၁၅	၈။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၅း၂၀	၉။	သာယာသီကြွေးခေတ်ဆန်းတေး
၅း၃၀	၁၀။	သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ အကြောင်း **ဒိုင်နိုဆောတို့ ကမ္ဘာ** (အပိုင်း-၁)
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၃။	လျှပ်တစ်ပြက်
၆း၃၀	၁၄။	"ရွာ" ဟာသဇာတ်လမ်းတွဲ **ဒို့ရွာလေးရဲ့နိဗ္ဗာန်ဆော်** မေတ္တာ၊ ပေါ်လေး၊ ချစ်ဖွယ်
၆း၅၀	၁၅။	စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
၇း၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မုန်းမုန်းမေ့မေ့** (အပိုင်း-၁၄)
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	နိုင်ငံတကာသတင်း
	၁၉။	မိုးလေဝသသတင်း
	၂၀။	အမျိုးသားရေးတေးကဗျာ
	၂၁။	စိုက်ပျိုးသုတ
	၂၂။	ရှင်သန်နေသောသီချင်းများ (Living Songs) တေးရေး-ဆဲလ် (အပိုင်း-၂)
	၂၃။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
	၂၄။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လူငယ်ပေါင်းချိန်** (တတိယတွဲ) (အပိုင်း-၂၁)

ဘားအံမြို့ မြိုင်ကလေးရှိ မိုးစပါးစိုက်ခင်းများ ကရင်ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်း ကြည့်ရှု

နေပြည်တော် အောက်တိုဘာ ၂၉

ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းသည် အောက်တိုဘာ ၇ရက်က ဘားအံမြို့နယ် မြိုင်ကလေးစံပြကျေးရွာအနီးရှိ မိုးစပါးစိုက်ခင်းများကိုကြည့်ရှုပြီး ထုံးအိုင်စံပြကျေးရွာ၌ တောင်သူများနှင့် တွေ့ဆုံသည်။

မှာကြား

အောက်တိုဘာ ၈ရက်တွင် ကြာအင်းဆိပ်ကြီးမြို့နယ် သံပုရာကျေးရွာ စုပေါင်းမြေဩဇာကြဲပက်ပွဲနှင့် ပေါင်းသင်နေမှု၊ ချောင်းနှစ်ခွ-သံပုရာ-ကြာအင်းဆိပ်ကြီး လမ်းပေါ်ရှိ ဒါလီတံတားတည်ဆောက်ပြီးစီးမှုနှင့် တံတားချဉ်းကပ်လမ်း ဆောင်ရွက်ထားမှု၊ ကြာအင်းဆိပ်ကြီး-ကျိုက်ဒုံလမ်းပိုင်း ကျောက်ချောလမ်းခင်းကျင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ယင်းနောက် ပြည်နယ်ဥက္ကဋ္ဌသည် ကြာအင်းဆိပ်ကြီးမြို့နယ်ရုံး၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်တွေ့ဆုံပြီး မြို့ဝင် မြို့ထွက် စံပြစိုက်ကွင်း၌ မိုးစပါး စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရ ရိပ်သာနေ နှစ်ဖက်သော ဘိုးဘွားနှင့် ဖခင်များကိုဦးထိပ်ထားပြီး မိခင် ဒေါ်မြမြ၊ ဒေါ်မေမြနှင့် ဇနီးဒေါ်မြင့်မြင့်အား ရည်စူး၍ ဒေါက်တာထိန်ဝင်းနှင့် သား၊ သမီးများက ဆွမ်းပဒေသာပင်နှင့် လေးထပ် ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်တစ်သိန်းငါးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဝင် ပါမောက္ခ ဒေါက်တာဒေါ်မေဝင်းအောင် ခင်ထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

အထက(၄)ကမာရွတ် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၉

အထက(၄)ကမာရွတ် ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၁၀ရက်(တနင်္ဂနွေနေ့) နံနက်၉နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း ရပ်နီး ရပ်ဝေးမှ ကျောင်းသား ကျောင်းသူများ ပူဇော်ပွဲသို့ တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(မြန်မာ့အလင်း)

Miss People 2009 စတိုင်လ်ပြိုင်ပွဲနှင့် ဈေးရောင်းပွဲတော် ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၉

မြန်မာ People မဂ္ဂဇင်းကကြီးမှူးကျင်းပသည့် Miss People 2009 စတိုင်လ်ပြိုင်ပွဲနှင့် ဈေးရောင်းပွဲတော်ကို နိုဝင်ဘာ ၁ရက် (တနင်္ဂနွေနေ့)တွင် အင်းလျားလိတ်ဟိုတယ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ဈေးနှုန်းချိုသာ

Miss People စတိုင်လ်ပြိုင်ပွဲကို ၂၀၀၆ခုနှစ်မှ စတင်ကျင်းပခဲ့ပြီး ယခု တစ်ကြိမ်နှင့်ဆိုလျှင် ရန်ကုန်မြို့၌ စတုတ္ထအကြိမ်မြောက်အဖြစ် ကျင်းပခြင်းဖြစ်သည်။ ယခုနှစ်တွင် ဈေးရောင်းပွဲတော်နှင့်အတူ နာမည်ကြီးအဆိုတော်များက မေတ္တာဖြင့်သီဆိုဖျော်ဖြေကြမည့် စတိတ်ရှိုးအစီအစဉ်ကို ထည့်သွင်းထားသည်။ ဈေးရောင်းပွဲတွင် ဖက်ရှင်ဆိုင်များ၊ အလှကုန်များ၊ ဆေးပစ္စည်းများ၊ အစားအသောက်များကို ဈေးနှုန်းချိုသာစွာ အထူးရောင်းချပေးသွားမည်ဖြစ်သည်။

ဤပွဲအတွက် ဝင်ခွင့်လက်မှတ်များကို တစ်စောင်လျှင်ငွေကျပ်၅၀၀၀ဖြင့် ရောင်းချပေးမည်ဖြစ်ပြီး လက်မှတ်ရောင်းချခြင်းမှ ရရှိသောဝင်ငွေများနှင့် ဆိုင်ခန်းငှားရမ်းခြင်းမှရရှိသော ဝင်ငွေများအားလုံးကို ရန်ကုန်မြို့ ကမ္ဘာ့အေးလူငယ်သင်တန်းကျောင်းသို့ ပေးအပ်လှူဒါန်းသွားမည်ဖြစ်သည်။ လက်မှတ်များကို Ko Ko Beauty Salon (ဆရာစံလမ်း ဒဂုံစင်တာ၊ လပြည့်ဝန်းပလာဇာ၊ စိန်ဂေဟာ ဆိုင်ခွဲများ)၊ Tony Tun Tun Beauty Salon (၆လမ်းနှင့် ရန်ကင်းစင်တာ ဆိုင်ခွဲများ)၊ Smile Ko Htike Salon (FMI Center) နှင့် လပြည့်ဝန်းပလာဇာ (၁၀) ထပ်ရှိ People မဂ္ဂဇင်း ရုံးခန်းတို့တွင် ဝယ်ယူရရှိနိုင်သည်။ Miss People 2009 စတိုင်လ်ပြိုင်ပွဲတွင် စပွန်ဆာများအဖြစ် ပါဝင်သူများမှာ A21၊ Shoe Gallery၊ Ba Wang Shampoo၊ PEP၊ Daily Vitagin၊ Smooth E၊ Revlon၊ Alpine၊ Wellwoman၊ Xenon၊ Dolly Bird၊ Slenfig နှင့် မန်းရွှေပြည်သယ်ယူပို့ဆောင်ရေးတို့ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀-၁၀-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

၅း၀၀	MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ အာဋ္ဌာနာဋိယသုတ်
၅း၁၅	MRTV-4 သတင်း
၆း၀၀	**ပဋိစ္စသမုပ္ပာဒ်** တရားတော် (ဆရာတော်အရှင်ဇဋိလ)
၇း၀၀	MRTV-4 သတင်း
၇း၄၅	MRTV-4 ကာတွန်းအစီအစဉ်
၈း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **သဲလွန်စများ** (အပိုင်း-၅)
၈း၃၀	Sports World
၈း၅၅	အနုပညာရပ်ဝန်းမှရင်ခုန်သံများ **သူငယ်ချင်းယောက္ခမ**
၉း၂၀	Activities in the City [စွယ်တော်မြတ်စေတီတော်(ရန်ကုန်)၏ ဗုဒ္ဓပူဇနိယပွဲတော်ကြိုတင်ပြင်ဆင်မှုများ]
၉း၃၀	Movie Talk (ဒါရိုက်တာ ကြည်စိုးထွန်း၊ မင်းသားကြီးမြင့်စိုး) (အပိုင်း-၂)
၁၀း၁၅	ကုန်းသာယာသို့ အလည်တစ်ခေါက်
၁၀း၄၅	နေထိုင်မှုဝင့်ကြွားအဆင့်မြင့် အိမ်ရာစီမံကိန်းများ (Naing Group)
၁၁း၁၅	သင့်မိသားစုနှင့် သင့်ပိုင်ဆိုင်မှုများအတွက်
၁၁း၃၀	နူးညံ့လှပ နန်းကြာညိုကြော့ယိမ်းအက
၁၁း၄၀	ဖက်ရှင်လမ်းညွှန် (အနီရောင်ဖက်ရှင်)
၁၂း၀၀	တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (မြက်စားငါးကြင်း မွေးမြူသားဖောက်ခြင်းလုပ်ငန်း)
၁၂း၁၅	တေးဂီတအစီအစဉ်
၁၂း၃၀	Science Tech Today
၁၂း၄၅	**ကိုစိန်နှင့် ကိုယ်ဝန်ဆောင်မိခင်** [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]
၁၂း၅၀	ဆွာချောင်းရေလှောင်တမံ
၁း၀၀	**ပဋိစ္စသမုပ္ပာဒ်** တရားတော် (ဆရာတော်အရှင်ဇဋိလ)
၂း၀၀	MRTV-4 သတင်း
၂း၄၅	World of Knowledge (Seconds From Disaster: Fire on the Ski Slope)
၃း၄၅	ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၄း၀၅	Activities in the City [စွယ်တော်မြတ်စေတီတော်(ရန်ကုန်)၏ ဗုဒ္ဓပူဇနိယပွဲတော်ကြိုတင်ပြင်ဆင်မှုများ]
၄း၁၅	**ကိုစိန်နှင့် ကိုယ်ဝန်ဆောင်မိခင်** [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]
၄း၂၅	အနုပညာရပ်ဝန်းမှရင်ခုန်သံများ **သူငယ်ချင်းယောက္ခမ**
၄း၅၅	VJ Choice
၅း၂၅	စိုက်ပျိုးဝေဆာ တို့မြေမှာ (စတော်ဘယ်ရီပင်စိုက်ပျိုးနည်း)
၅း၃၅	သူတို့ပြောတဲ့ သူတို့အကြောင်း (မေခလာ) (အပိုင်း-၂)
၆း၀၀	MRTV-4 သတင်း
၆း၂၀	လှပသစ်ဆန်းအလှပြင်ခန်း (Spice Girls)
၆း၃၀	ဖက်ရှင်လမ်းညွှန် (အနီရောင်ဖက်ရှင်)
၆း၅၀	နေထိုင်မှုဝင့်ကြွားအဆင့်မြင့် အိမ်ရာစီမံကိန်းများ(NaingGroup)
၇း၂၀	FMF Selection (2)
၇း၄၅	Science Tech Today
၈း၀၀	MRTV-4 သတင်း
၈း၃၀	အလုံသဘော်ာကျင်း၏ တစ်နေ့တာ လုပ်ငန်းဆောင်တာများ
၈း၅၅	သူတို့ပြောတဲ့ သူတို့အကြောင်း (မေခလာ) (အပိုင်း-၂)
၉း၂၀	စိုက်ပျိုးဝေဆာတို့မြေမှာ (စတော်ဘယ်ရီပင်စိုက်ပျိုးနည်း)
၉း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **သဲလွန်စများ** (အပိုင်း-၅)
၁၀း၀၀	ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁၁း၄၅	ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၂း၀၅	**မရှက်ဘူးလား** ပြေတီဦး၊ လှအဥ္ဆလီတင့်၊ ဟိန်းစိုး၊ သန်းသန်းစိုး (ဒါရိုက်တာ-ထပ်ဆင့်အကယ်ဒမီစင်ရော်မောင်မောင်)
၁၂း၃၅	"အင်း" ငွေပန်းထိမ်ရဲ့အငွေ့အသက်
၁၂း၅၀	လှပသစ်ဆန်းအလှပြင်ခန်း (Spice Girls)
၁း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

■ ရှေ့ဖုံးမှ

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုးချဲ့ဆေးရုံ အဆောက်အအုံနှင့် ဝန်ထမ်းများနေအိမ် တည်ဆောက်ပြီးစီးမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး သီပေါတံတား တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပြီးစီးနေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ကွန်ပျူတာတက္ကသိုလ် (လားရှိုး) ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ကွန်ပျူတာတက္ကသိုလ်(လားရှိုး) ဆောက်လုပ်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးညီဖြူလှအား ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

✻ *ကျောဖုံးမှ*

အကျိုးသက်ရောက်

ထို့ပြင် ကွာစီလော်တွင် သွပ်ဓာတ်သည်လည်း အာဟာရဓာတ်တစ်ခုအဖြစ် ပါဝင်သည် ဆို၏။ သွပ်ဓာတ်က ဆီးကျိတ်၏လုပ်ငန်းတွင် အကျိုးသက်ရောက်နိုင်ကြောင်း သုတေသီများက အဆိုရှိထားသည်။ ။

မြောင် မြို့နယ်တွင် စက်ရေတွင်း တူးဖော်

မြောင် အောက်တိုဘာ ၂၉

မြောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် တူးဖော်ပြီးစီးခဲ့သော ဖွားစောကျေးရွာ တွင်းနက်စက်ရေတွင်း တူးဖော်ပြီးစီးမှုကို အမှုဆောင်အရာရှိ ဦးတင့်ဝေ ကွင်းဆင်းစစ်ဆေးရာ တစ်နာရီလျှင် ရေဂါလန် ၁၅၀၀ ထွက်ရှိကြောင်းကို တာဝန်ခံအင်ဂျင်နီယာ ဦးဗိုလ်ဆန်းက ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ကွန်ပျူတာတက္ကသိုလ်(လားရှိုး) ဆောက်လုပ်ပြီးစီးနေမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

ရောဝတီတိုင်းမှ ဒယ်လ်တာယူနိုက်တက်အသင်းသို့ ဆုချီးမြှင့်

ရန်ကုန် အောက်တိုဘာ ၂၉

ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေသည် ရောဝတီတိုင်း ကိုယ်စားပြု ဘောလုံးအသင်းဖြစ်သော ဒယ်လ်တာယူနိုက်တက်အသင်း၏ ရှုံးပွဲမရှိ အောင်မြင်မှုအတွက် ဂုဏ်ပြုချီးမြှင့်ငွေ ကျပ် သိန်း၂၀ကို အသင်းဥက္ကဋ္ဌ ဦးထွန်းရင်မှတစ်ဆင့် အသင်းသို့ အောက်တိုဘာ ၂၇ရက်တွင် ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

ဆက်လက်ကြိုးစား

ယင်းကဲ့သို့ ရောဝတီတိုင်းကိုယ်စား တိုင်းမှူးက ဂုဏ်ပြုဆုငွေ ချီးမြှင့်ပေးသည့်အတွက် အသင်းအနေဖြင့် ဝမ်းသာဂုဏ်ယူမိကြောင်း၊ ဘောလုံးကို ချစ်မြတ်နိုးသည့် ရောဝတီတိုင်းအတွက် ဒယ်လ်တာယူနိုက်တက်အသင်းသည် အောင်ပွဲရယူနိုင်ရန် ဆက်လက်ကြိုးစားသွားမည်ဖြစ်ကြောင်း အသင်းဥက္ကဋ္ဌက ပြောကြားခဲ့သည်ဟု သတင်းရရှိသည်။

(သတင်းစဉ်)

❐ *ရှေ့ဖုံးမှ*

ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဆားထုံးကျေးရွာသားဖွားခန်းအတွက် ဆေးပဒေသာရန်ပုံငွေနှင့်ဆေးခန်းအသုံးအဆောင်ပစ္စည်းများကို လှူဒါန်းကြရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင်မျိုးအောင်၊ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဆွေဆွေဝင်းနှင့် ဆားထုံးကျေးလက်ကျန်းမာရေးမှူး ဦးကံဝင်းတို့က လက်ခံရယူပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာတိုးမောင်က ကျေးဇူးတင်စကားပြောကြားခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း

ပထမအကြိမ် နှစ်ပတ်လည် အသင်းသားစုံညီစည်းဝေး

ရန်ကုန် အောက်တိုဘာ ၂၉

မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း ပထမအကြိမ် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို အောက်တိုဘာ ၂၇ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ် Grand Ballroom ၌ ကျင်းပရာ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် အစည်းအဝေး သဘာပတိ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ရောင်းဝယ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

လှူဒါန်း

ဆက်လက်၍ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းက ရောဝတီတိုင်း လေဘေးသင့်ဒေသ ပြန်လည်ထူထောင်ရေးအတွက် အလှူငွေကျပ်သိန်း ၉၀၀ကို လှူဒါန်းရာ အမျိုးသား သဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က လက်ခံသည်။

ဖတ်ကြားတင်ပြ

ထို့နောက် မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း တွဲဖက်အတွင်းရေးမှူးက အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကိုလည်းကောင်း၊ အသင်းရုံး စာရင်းစစ်က ငွေစာရင်းရှင်းတမ်းကိုလည်းကောင်း ဖတ်ကြားတင်ပြ၍ အတည်ပြုချက်ရယူ သည်။

ယင်းနောက် သဘာပတိက နိဂုံးချုပ်စကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

● *ရှေ့ဖုံးမှ*

ရိဒ်ရေကန်၏ သမိုင်းသည် ရှေးလူကြီးများ၏ အဆိုအရ အေဒီ၁၅၀၀ခန့်တွင် စတင်တွေ့ရှိရသည်ဟု ခန့်မှန်းထားသည်။ နှစ်ပေါင်းများစွာ ကြာမြင့်နေပြီဖြစ်သော်လည်း ရေအတိမ်အနက် အကျယ်အဝန်း ပြောင်းလဲခြင်းမရှိဘဲ ပကတိအတိုင်း တည်ရှိနေခြင်း၊ မတ်စောက်မြင့်မားသော တောင်ကုန်းပေါ်ရှိ ရေကန်ထဲတွင် ငါးမျိုးပေါင်းများစွာ ကျက်စားနေထိုင်ကာ ကမ်းစပ်များ၌ မိုးမခပင်များ ဝန်းရံပေါက်ရောက်လျက်ရှိပေသည်။

ကြည်လင်

ထူးဆန်းလှသည့် ရိဒ်ရေကန်ကြီးသည် မိုးတွင်းကာလ၌ မိုးရေများကြောင့် ကန်ထဲဝင်လာသည့် တောင်ကျချောင်းရေနောက်များသည် ကန်လယ်သို့မရောက်ဘဲ စည်းတားထားသကဲ့သို့ ဘေးပတ်ပတ်လည်၌သာ နောက်ကျိဖြစ်ပေါ်နေလျက်ရှိပြီး ကန်ရေပြင်သည် မှန်သားပြင်ကဲ့သို့ ကြည်လင်နေသည်။

သဘာဝအလှ

ချင်းတောင်တန်းပေါ်က သာမောဖွယ် ရိဒ်ရေကန်သာသည် စိမ်းလန်းစိုပြည်သည့် တောင်ကုန်း၊ သဘာဝသစ်တောများကြောင့် စိတ်ကြည်နူးရွှင်လန်းစေပြီး ကန်၏ တောင်ဘက်ကုန်းပေါ်နှင့် မြောက်ဘက်ရှိ ရိခေါဒါရ်မြို့ဘက်တို့မှကြည့်လျှင် ရိဒ်ရေကန်သည် အသည်းနှလုံးပုံသဏ္ဌာန်သဖွယ် မြင်နေရသည်။ ကန်ရေကြည်များကြောင့် စိတ်တည်ငြိမ်အေးချမ်းစေသည့် လက္ခဏာများအဖြစ် ပေါ်လွင်ထင်ရှားလျက် ချင်းပြည်နယ်၏ သဘာဝအလှကို တန်ဆာဆင်မြန်းထားသော ရိဒ်ကန်သာယာဟု ဆိုရမည်ဖြစ်ပါကြောင်း သတင်းမှတ်စုအဖြစ် ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း နာယက သတ္တုတွင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း ပထမအကြိမ် နှစ်ပတ်လည် အသင်းသား စုံညီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)



ပါကစ္စတန်နိုင်ငံ ပက်ရှဝါဈေးကြီး ကားဗုံးခွဲတိုက်ခိုက်မှု
သေဆုံးသူစုစုပေါင်း ၁၅၅ ဦးရှိပြီး လူ ၅၀၀ ကျော်ဒဏ်ရာရရှိ
အမေရိကန်နိုင်ငံခြားရေးဝန်ကြီးရောက်ရှိချိန် မရွေးမနှောင်း၌ တိုက်ခိုက်ခြင်းဖြစ်

ပက်ရှဝါ အောက်တိုဘာ ၂၉

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းရှိ လူဦးရေအများဆုံးနေထိုင်သည့် ပက်ရှဝါမြို့ လူစည်ကားရာဈေးကြီးတွင် အောက်တိုဘာ ၂၈ ရက်က အသေခံကားဗုံးခွဲတိုက်ခိုက်မှုကြောင့် သေဆုံးသူဦးရေမှာ ၁၅၅ဦးအထိရှိကြောင်း၊ ၎င်းတို့အထဲတွင် အမျိုးသမီး ၂၇ဦးနှင့် ကလေးသူငယ် ၁၃ဦးပါဝင်ကြောင်း ပက်ရှဝါမြို့ လေဒီရီးဒင်းဆေးရုံမှ ဒေါက်တာ ဇဖားက ပြောကြားသည်။

ရှာဖွေဖော်ထုတ်

ကားဗုံးခွဲတိုက်ခိုက်မှုကြောင့် လူ ၅၀၀ကျော် ဒဏ်ရာရရှိသည်ဟုဆိုသည်။ ဗုံးခွဲခံရပြီးညတွင်းချင်းပင် အလောင်းများကို ရှာဖွေဖော်ထုတ်ခဲ့ကြောင်း၊ ဒဏ်ရာရသူအချို့လည်း သေဆုံးကြရကြောင်း၊ ယခုအထိ သေဆုံးသူစုစုပေါင်း ၁၅၅ဦး ရှိသွားပြီဖြစ်ကြောင်း ဆေးရုံသတင်းရပ်ကွက်က ပြောကြားသည်။ (အပေါ်ပုံ)

နှစ်နိုင်ငံအကြမ်းဖက်မှု တိုက်ဖျက်ရေးကိစ္စဆွေးနွေးရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန် ပါကစ္စတန်နိုင်ငံ အစ္စလမ္မာဘတ်မြို့သို့ ရောက်ရှိပြီး နာရီပိုင်းအတွင်း၌ပင် ပက်ရှဝါမြို့၌ စစ်သွေးကြွများက ယခုကဲ့သို့ ကားဗုံးခွဲအကြမ်းဖက် တိုက်ခိုက်ခြင်းဖြစ်သည်။

ယမ်းပုံမီးကျ

ပါကစ္စတန်နိုင်ငံ၏ စစ်သွေးကြွများချေမှုန်းရေးစစ်ပွဲကို အမေရိကန်က အပြည့်အဝထောက်ခံကြောင်း၊ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်က ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီး ရှားမာမွတ်နှင့် တွေ့ဆုံဆွေးနွေးအပြီးတွင် သတင်းထောက်များအား ပြောကြားလိုက်သည်။ ထိုအတောအတွင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ယင်းဗုံးခွဲတိုက်ခိုက်မှုနှင့်ပတ်သက်၍ ပြစ်တင်ရှုတ်ချခဲ့သည်။ (အင်တာနက်)

ကဘူးလ်တည်းခိုဆောင်တိုက်ခိုက်မှု
၁၂ ဦးသေဆုံး၊ ခြောက်ဦးဒဏ်ရာရ

ကဘူးလ် အောက်တိုဘာ ၂၉

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့ရှိ တည်းခိုဆောင်ကို အသေခံဗုံးခွဲရေးသမားများက အောက်တိုဘာ ၂၉ရက်တွင် ဗုံးခွဲတိုက်ခိုက်သဖြင့် ၁၂ဦးသေဆုံးကြောင်း အင်တာနက် သတင်းတွင် ဖော်ပြပါရှိသည်။

အပြန်အလှန် ပစ်ခတ်

လာမည့်ရက်သတ္တပတ်တွင် ကျင်းပမည့် တစ်ကျော့ပြန် သမ္မတရွေးကောက်ပွဲကို ဖရိုဖရဲဖြစ် ပျက်ပြားစေရန် တာလီဘန်တို့က စတင်ထိုးနှက်လိုက်ခြင်းဖြစ်သည်။ အသေခံ ဗုံးခွဲရေးသမားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအကြား နှစ်နာရီကြာ အပြန်အလှန်ပစ်ခတ်ရာတွင် ၁၂ဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရရသည်။

တိုက်ပွဲအစ

ကုလသမဂ္ဂလုပ်သား ခြောက်ဦး ယနေ့အစောပိုင်းက တိုက်ခိုက်မှု၌ သေဆုံးကုန်ပြီဟု ယုံကြည်ရသည်။ တစ်ကျော့ပြန် သမ္မတရွေးကောက်ပွဲတွင် ပါဝင်သူတိုင်းကို ချေမှုန်းပစ်မည်ဟု မိမိကြေညာထားကြောင်း၊ ယနေ့တိုက်ခိုက်မှုသည် တိုက်ပွဲအစပင်ရှိသေးကြောင်း တာလီဘန် ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ (အင်တာနက်)

ကဘူးလ်တည်းခိုဆောင် ဗုံးခွဲမှု၌ ဒဏ်ရာရသူတစ်ဦးကို ကုန်းပိုးသယ်ဆောင်လာစဉ်။ (အင်တာနက်ဓာတ်ပုံ)

တရုတ်နိုင်ငံ ဖူကျန့်ပြည်နယ်တွင် တောမီးလောင်ကျွမ်းလျက်ရှိရာ မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်နေသည်ကို အောက်တိုဘာ ၂၇ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

တရုတ်၊ ရုရှားနှင့်အိန္ဒိယ နိုင်ငံခြားရေးဝန်ကြီးများ
သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်မှု ဆွေးနွေး

ဘန်ဂလို(အိန္ဒိယ) အောက်တိုဘာ ၂၉

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ယန်ကျိချီသည် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်၊ အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး အက်စ်အမ်ကရစ်ရှနားတို့နှင့် အိန္ဒိယနိုင်ငံတောင်ပိုင်း ဘန်ဂလိုမြို့တွင် အောက်တိုဘာ ၂၇ ရက်က တွေ့ဆုံဆွေးနွေးသည်။

အဆိုပါနိုင်ငံခြားရေးဝန်ကြီးများသည် ယင်းတို့၏ နဝမအကြိမ်မြောက် ကျင်းပသော နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၌ ယင်းကဲ့သို့ တွေ့ဆုံဆွေးနွေးကြခြင်းဖြစ်သည်။

အမြင်ချင်းဖလှယ်

၎င်းတို့သည် သုံးနိုင်ငံ ပိုမိုပူးပေါင်းဆောင်ရွက်ရေးနှင့် သုံးနိုင်ငံနှင့်ဆိုင်သော နိုင်ငံတကာနှင့် ဒေသဆိုင်ရာပြဿနာရပ်များ အရေးတို့ကို နက်နက်ရှိုင်းရှိုင်း အမြင်ချင်း ဖလှယ်ကြသည်။

သဘောတူညီ

ယင်းသို့ အမြင်ချင်းဖလှယ်ကြရာတွင် အချင်းချင်း တညီတညွတ်တည်း သဘောတူညီခဲ့ကြသည်ဟု သိရသည်။

အမ်အင်န်အေဆင်ဟွာ

နီပေါနှင့် အိန္ဒိယနှစ်နိုင်ငံ
ကုန်သွယ်ရေးစာချုပ် လက်မှတ်ရေးထိုး

ခတ္တမန္ဒူ အောက်တိုဘာ ၂၉

နီပေါနှင့် အိန္ဒိယနှစ်နိုင်ငံအစိုးရတို့သည် ကုန်သွယ်ရေးနှင့် ဥပဒေမဲ့ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်ကို နီပေါနိုင်ငံ ခတ္တမန္ဒူမြို့၌ လက်မှတ်ရေးထိုးချုပ်ဆိုကြကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

လျှော့ပါးသက်သာ

အဆိုပါ ကုန်သွယ်ရေးသဘောတူစာချုပ်သည် ၁၉၉၁ခုနှစ်က ချုပ်ဆိုခဲ့သည့် ကုန်သွယ်ရေးသဘောတူစာချုပ်ကို ပြင်ဆင်ချုပ်ဆိုခြင်းဖြစ်ပြီး အိန္ဒိယနှင့်ကုန်သွယ်မှုကဏ္ဍတွင် လိုငွေပြနေခြင်းကို လျှော့ပါးသက်သာစေမည်ဟု နီပေါကုန်သွယ်ရေးနှင့် ထောက်ပံ့ရေးဝန်ကြီး ရာဂျင်ဒရာမာဟာတိုက ပြောကြားသည်။ **(အင်တာနက်)**

အိန္ဒိယသူပုန်များဖမ်းသည့်
ခရီးသည်များ လွတ်မြောက်လာ

နယူးဒေလီ အောက်တိုဘာ ၂၉

အိန္ဒိယနိုင်ငံ အရှေ့ပိုင်းရှိ အနောက်ဘင်္ဂလားမှ လက်ဝဲအစွန်းရောက် သူပုန်များက အောက်တိုဘာ ၂၇ရက်တွင် ဓားစာခံအဖြစ် ဖမ်းဆီးထားသည့် ရထားစီး ခရီးသည် အားလုံးကို ပြန်လွှတ်ပေးပြီးနောက် ခရီးသည်များမှာ ဘေးမသီရန်မခ ပြန်ရောက်လာကြကြောင်း အိန္ဒိယပြည်ထဲရေးဝန်ကြီး ချီဒန်ဗာရန်က ပြောကြားသည်။ အနောက်ဘင်္ဂလားဒေသ မစ်နာပိုခရိုင်မှ နယူးဒေလီသို့ ဦးတည်ခုတ်မောင်းလာသည့် အမြန်ရထားပေါ်ပါရှိသူ ခရီးသည် ၁၂၀၀အား ဖမ်းဆီးထားရာမှ ပြန်လွှတ်ပေးလိုက်ပြီဟု အင်ဒီတီဗွီရုပ်မြင်သံကြားဌာနက ဖော်ပြသည်။ ရထားခရီးသည်အားလုံး ဘေးအန္တရာယ်မရှိပါဟုလည်း ရုပ်မြင်သံကြားဌာနက ဆက်လက်ဖော်ပြသည်။

သောင်းကျန်းသူများက ရထားမောင်းသူနှင့် သူ၏လက်ထောက်တို့အား ပြန်ပေးဆွဲခဲ့ပြီး သူပုန်များက ခေါင်းဆောင်ဘန်ဒီအား လွှတ်ပေးရန် တောင်းဆိုခဲ့သည်။

အမ်အင်န်အေဆင်ဟွာ

ဂျပန်စက်မှုလုပ်ငန်း ထုတ်လုပ်မှုမြင့်တက်

တိုကျို အောက်တိုဘာ ၂၉

ဂျပန်နိုင်ငံ၏စက်မှုလုပ်ငန်းများမှ ကုန်ပစ္စည်းများထုတ်လုပ်မှုမှာ စက်တင်ဘာလအတွင်း ၁ဒသမ၈ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း၊ ယင်းမှာ ခုနစ်လဆက်တိုက် ထုတ်လုပ်မှုမြင့်တက်လာခြင်းဖြစ်ကြောင်း ဂျပန်စီးပွားရေးနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနက အောက်တိုဘာ၂၉ရက်တွင် သတင်းထုတ်ပြန်သည်။

သို့ရာတွင် နှစ်ချင်းအလိုက်အနေဖြင့် နှိုင်းယှဉ်ကြည့်ပါက ၁၈ ဒသမ၉ ရာခိုင်နှုန်း ကျဆင်းနေဆဲဖြစ်သည်။

မြင့်တက်

ခရီးသွားလာရေးအသုံးအဆောင်များ၊ လျှပ်စစ်ပစ္စည်းမျိုးစုံမှာ စက်မှုလုပ်ငန်းထုတ်လုပ်မှုတွင် အများဆုံးမြင့်တက်လာခြင်းဖြစ်ကြောင်း၊ မော်တော်ယာဉ် ထုတ်လုပ်မှုလုပ်ငန်းများမှာလည်း အနည်းငယ်မြင့်တက်လာခဲ့ကြောင်း ယင်းသတင်း၌ဖော်ပြသည်။

(အင်တာနက်)

ရီယိုဒီဂျနေးရိုးမြို့တော် လုံခြုံရေးတိုးမြှင့်ရန် အမေရိကန်ဒေါ်လာ ၇၅ ဒသမ ၈ သန်း သုံးစွဲမည်

ရီယိုဒီဂျနေးရိုး အောက်တိုဘာ ၂၉

ဘရာဇီးအစိုးရအနေဖြင့် ၂၀၁၆ အိုလံပစ်အားကစားပွဲတော်အတွက် ရီယိုဒီဂျနေးရိုးမြို့တော်ကို လုံခြုံရေးတိုးမြှင့်ရန် အမေရိကန်ဒေါ်လာ ၇၅ဒသမ၈သန်း ကျခံသုံးစွဲသွားရန် စီစဉ်ထားကြောင်း ဘရာဇီးတရားရေးဝန်ကြီးဌာနက ပြောကြားသည်။

ကျခံသုံးစွဲ

အဆိုပါငွေကြေးကို အကြမ်းဖက်မှုဒဏ်ခံစားရသည့် ပြည်သူများအတွက် လူမှုလုံခြုံရေး ဘဏ္ဍာငွေအဖြစ် အသုံးပြုမည်ဖြစ်သည့်အပြင် ရဲတပ်ဖွဲ့ပံ့ပိုးမှုပစ္စည်းများအပါအဝင် ဒေသတွင်း အကျဉ်းထောင်များ လုံခြုံရေးအတွက် ကျခံသုံးစွဲမည်ဟု ဆိုသည်။ ယခုနှစ်အစောပိုင်းမှ စတင်၍ ရီယိုဒီဂျနေးရိုးမြို့လုံခြုံရေးအတွက် အမေရိကန်ဒေါ်လာ ၆၉ ဒသမ၇သန်း ကျခံသုံးစွဲခဲ့ပြီးဖြစ်သည်။ ***(အင်တာနက်)***

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်မောင်ဆွေ စုစည်းရေးသားသည်

ကမ္ဘာ့အမြင့်ဆုံးသော အဆင့်မြင့်ဟိုတယ် ဟောင်ကောင်အထူးဒေသ၌ ဖွင့်မည်

၂၀၁၀ခုနှစ်တွင် တရုတ်နိုင်ငံဟောင်ကောင်အထူးဒေသ၌ ရစ်ဇ်ကာလ်တန်ဖိမ်ခံဟိုတယ်စုက အထပ်ပေါင်း၁၁၈ထပ်ရှိ ကမ္ဘာ့အမြင့်ဆုံးဟိုတယ်တစ်လုံး ဖွင့်လှစ်ရန် စီစဉ်နေသည်။ အဆိုပါ ကြယ်ခြောက်ပွင့်ဟိုတယ်သစ်ကို ဟောင်ကောင်တွင် အမြင့်ဆုံး နိုင်ငံတကာကူးသန်းရောင်းဝယ်ရေးဌာနအဆောက်အအုံ၏ ထိပ်ဆုံး၁၇ထပ်တွင် ဖွင့်လှစ်မည်ဖြစ်သည်ဟု ဆောက်ချိုင်းနားမောနင်းပို့စ်သတင်းစာ၌ ဖော်ပြထားသည်။ **(အပေါ်ပုံ)**

ပြည်ပမှပြန်လာသည့် ဆိုမာလီသမ္မတ စိန်ပြောင်းဖြင့် ပစ်ခတ်မှုမှ လွတ်မြောက်

ယီမင်နိုင်ငံမှပြန်လာသော ဆိုမာလီသမ္မတ ရှိတ်ရှာရက်ဖ်ရှိတ်အာမက် စီးနင်းလာသော လေယာဉ်သည် မိုဂါဒစ်ရှူးအေဒင်အေဒီ နိုင်ငံတကာလေဆိပ်သို့ ဆင်းသက်လာပြီးနောက် မကြာမီတွင် စိန်ပြောင်းဖြင့် တိုက်ခိုက်ပစ်ခတ်မှုဖြစ်ပွားရာ၌ လွတ်မြောက်သွားကြောင်း သတင်းရရှိသည်။

ပိုလန်နှင့်အမေရိကန် ပူးတွဲရေတပ် လေ့ကျင့်စဉ် အမေရိကန်ဖျက်သင်္ဘောက အမြောက်ဖြင့်ပစ်ခတ်

အမေရိကန်ဖျက်သင်္ဘောတစ်စင်းသည် ပိုလန်နိုင်ငံမြောက်ပိုင်းကမ်းခြေတွင် အမြောက်ကျည်အစစ်များဖြင့် ပစ်ခတ်တိုက်ခိုက်သည်ဟု သတင်းရရှိသည်။ နှစ်နိုင်ငံပူးတွဲရေတပ်လေ့ကျင့်မှုပြုလုပ်ရာ၌ ယင်းကဲ့သို့ ပစ်ခတ်တိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ သင်္ဘောသား၂၅၀လိုက်ပါလာသည့် ဒုံးပျံထိပ်ဖူးတပ် ယူအက်စ်အက်စ်ရာမစ် ဖျက်သင်္ဘောက ဂျီဒီနီယာဆိပ်ကမ်းမြို့ကို အမြောက်ဖြင့် သုံးချက်ပစ်ခတ်ခြင်း ဖြစ်ကြောင်း၊ သို့သော် ထိခိုက် ဒဏ်ရာရသူမရှိကြောင်း ပိုလန်စစ်ဘက်ပြောခွင့်ရပုဂ္ဂိုလ်က ပြောသည်။ **(အောက်ပုံ)**

အာကာသနည်းပညာဆိုင်ရာ အမျိုးသားနေ့ အီရန်ယဉ်ကျေးမှု တော်လှန်ရေးကောင်စီကြေညာ

ဖေဖော်ဝါရီ ၃ရက်ကို အီရန်နိုင်ငံ၏ အာကာသနည်းပညာဆိုင်ရာ အမျိုးသားနေ့အဖြစ် သတ်မှတ်မည်ဖြစ်ကြောင်း အီရန်ယဉ်ကျေးမှုတော်လှန်ရေးအဆင့်မြင့်ကောင်စီက ကြေညာသည်။ ယင်းနေ့မှာ အီရန်နိုင်ငံက အိမ်မစ်အမည်ရှိ ပထမဦးဆုံးပြည်တွင်းဖြစ်ဂြိုဟ်တုလွှတ်တင်သည့်နေ့ ဖြစ်သည်။

တရုတ်ပြည်အရှေ့ပိုင်း၌ ဘတ်စ်ကားချောက်ထဲကျ ၁၀ဦးထက်မနည်း သေဆုံး

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အရှေ့ပိုင်း စီကျန့်ပြည်နယ် ကျန့်ရှန်မြို့ ကျေးလက်ဒေသတွင် ဘတ်စ်ကားတစ်စီး မီတာ ၁၀၀နက်သည့် ချောက်ထဲသို့ ထိုးကျသွားရာမှ ၁၀ဦးထက်မနည်း သေဆုံးသွားကြောင်း ဒေသခံရဲတပ်ဖွဲ့က ပြောကြားသည်။

ကမ္ဘာ့အကြီးဆုံး အပျော်စီးသင်္ဘောကြီး ဖင်လန်သင်္ဘောကျင်း၌ လွှဲပြောင်းပေးအပ်

ဖင်လန်နိုင်ငံ တာကူသင်္ဘောကျင်းသည် ကမ္ဘာပေါ်တွင် အကြီးဆုံးအပျော်စီးသင်္ဘော အိုအေစစ်အော့ဖ်သီးဆီးကို တည်ဆောက်ပြီးစီးသဖြင့် အောက်တိုဘာ ၂၈ရက်က အမေရိကန် ခရစ်သင်္ဘောလိုင်းဖြစ်သော ရွိုင်ရယ်ကာရေဘီယံ နိုင်ငံတကာ သင်္ဘောလိုင်းသို့ လွှဲပြောင်းပေးလိုက်သည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် သပြေလမ်း ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်

နောင်ချို အောက်တိုဘာ ၂၉

နောင်ချိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့ပြသာယာလှပရေး၊ ပြည်သူများ သွားလာမှု အစဉ်ချောမွေ့စေရေး၊ မြို့ပြကျေးလက်အချိုးညီ ဖွံ့ဖြိုးတိုးတက်ရေး အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း နောင်ချိုမြို့ ပါဟိတ်ရပ်ကွက် သပြေလမ်း ကတ္တရာခင်းခြင်း လုပ်ငန်းကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင်တို့ ကွင်းဆင်းကြည့်ရှုရာ တာဝန်ခံအင်ဂျင်နီယာ ဦးရဲထွန်းက လုပ်ငန်းဆောင်ရွက်မှု အခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အဆိုပါလမ်းမှာ အရှည် ပေ၁၂၀၀၊ အကျယ် ၁၂ ပေ ရှည်လျားပြီး ကတ္တရာလမ်းအမျိုးအစားဖြစ်သည်။ အဖွဲ့ရန်ပုံငွေကျပ် ၉၈၁၀၀၀၀ အကုန်အကျခံ ဆောင်ရွက်မှုကြောင့် လမ်းပြီးပါက ရာသီမရွေး အဆင်ပြေချောမွေ့စွာ သွားလာနိုင်ပြီဖြစ်ရာ ရပ်ကွက်နေပြည်သူများစွာ အကျိုးရှိစေမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

စွမ်းအင်ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား အိန္ဒိယသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၉

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Aloke Sen သည် အောက်တိုဘာ ၂၈ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး စွမ်းအင်ကဏ္ဍနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးသည်။ **(အပေါ်ပုံ)**

တက်ရောက်

ထိုသို့ တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အပူပိုင်းဇုန် ကျေးလက်ရေရရှိရေး နည်းပညာစီမံကိန်း၏ နောက်ဆုံးအကြိမ် ဆွေးနွေးပွဲနှင့် စီမံကိန်းပြီးဆုံးခြင်းအခမ်းအနားကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၉

စည်ပင်သာယာရေး ဦးစီးဌာနနှင့် JICA တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် အပူပိုင်းဇုန် ကျေးလက်ရေရရှိရေးနည်းပညာ စီမံကိန်း၏ နောက်ဆုံးအကြိမ် ဆွေးနွေးပွဲနှင့် စီမံကိန်းပြီးဆုံးခြင်း အခမ်းအနားကို အောက်တိုဘာ ၂၇ရက်က နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ တက်ရောက်၍ အမှာစကား ပြောကြားရာ၌ စီမံကိန်းတွင် JICA မှ ကျွမ်းကျင်ပညာရှင် ၁၀ဦးတို့အား တွဲဖက်ပေးပြီး စီမံကိန်း မြို့နယ် သုံးမြို့နယ်အတွင်း၌ စက်ရေတွင်းသစ် ၂၀ တူးဖော်ပေးခြင်းနှင့် စက်ရေတွင်းဟောင်း ၄၀တို့အား ပြုပြင်ပေးခဲ့ခြင်းကို စည်ပင်သာယာရေး ဦးစီးဌာနမှ ဝန်ထမ်းများအား စာတွေ့၊ လက်တွေ့ သင်ကြားပေးရင်း ဆောင်ရွက်ခဲ့ကြောင်း။

အလေးထား

စီမံကိန်းတွင် စက်ရေတွင်းများရေရှည်တည်တံ့စေရေးအတွက် လက်ရှိစက်ရေတွင်းများအား ကိုင်တွယ်ထိန်းသိမ်းခြင်းသင်တန်းကို ကျေးရွာပြည်သူများနှင့် စည်ပင်သာယာရေးဝန်ထမ်းများအား သင်ကြားခဲ့ကြောင်း၊ စီမံကိန်းကျေးရွာတိုင်း၌လည်း ရေကော်မတီများ ဖွဲ့စည်းပေးထားပြီး လက်ရှိစက်ရေတွင်းများ ရေရှည်တည်တံ့စွာ သုံးစွဲနိုင်ရေးတွင် အဓိကတာဝန်ရှိသူများဖြစ်၍ အလေးထား ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း။

ထို့အပြင် စည်ပင်သာယာရေးဦးစီးဌာနက ဆက်လက်ပြီး ပြည်သူများအတွက် သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာရရှိရေး ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် ထိုသို့ ကြိုးပမ်းဆောင်ရွက်ရာတွင်လည်း နိုင်ငံတော်နှင့် နိုင်ငံတကာ အဖွဲ့အစည်းများ၏ ကူညီပံ့ပိုးမှုများကို အကျိုးရှိစွာ အသုံးပြုပြီး ဆောင်ရွက်ပေးသွားရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဂျပန်နိုင်ငံ အစိုးရကိုယ်စား JICA မြန်မာရုံးမှ ဌာနေကိုယ်စားလှယ် Mr. Hideo Miyamoto နှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ သံမှူးကြီး Mr. Kazuyuki Takeuchi တို့က နှုတ်ခွန်းဆက်အမှာစကား ပြောကြားကြပြီး JICA ကျွမ်းကျင်ပညာရှင်အဖွဲ့ခေါင်းဆောင် Mr. Toshiyuki Matsumoto နှင့် စည်ပင်သာယာရေး ဦးစီးဌာနမှ ဒုတိယအင်ဂျင်နီယာချုပ် ဦးမြင့်ဦးတို့က စီမံကိန်းရလဒ်များ၊ ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းရပ်များကို ရှင်းလင်းတင်ပြကြသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် စီမံကိန်းက ဖွင့်လှစ်ပေးခဲ့သည့် သင်တန်းများသို့ တက်ရောက်အောင်မြင်ခဲ့ကြသော သင်တန်းသားများအား အောင်လက်မှတ်များကို ပေးအပ်ချီးမြှင့်ပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အကျိုးပြုနိုင်

အဆိုပါသင်တန်းကို ၂၀၀၆ခုနှစ် နိုဝင်ဘာလမှ ၂၀၀၉ခုနှစ် အောက်တိုဘာလအထိ စာတွေ့၊ လက်တွေ့ သင်တန်းများ ပေးခဲ့ရာ စည်ပင်သာယာရေး ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေး အဖွဲ့များမှ သင်တန်းသား ၆၄ဦးတို့ တက်ရောက်အောင်မြင်ခဲ့ကြပြီး ကျေးရွာ ၂၀တွင် စက်ရေတွင်းသစ် ၂၀ တူးဖော်ပေးခဲ့၍ လူဦးရေ ၁၃၉၀၀နှင့် ကျေးရွာ ၄၀တွင် စက်ရေတွင်းဟောင်း ၄၀ ပြုပြင်ပေးနိုင်ခြင်းကြောင့် လူဦးရေ ၄၀၅၇၁ ဦးတို့အား အကျိုးပြုနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြွပ်ကြွပ်အိတ် သုံးစွဲမှုလျှော့ချရေး ပညာပေးဟောပြော

ရန်ကုန် အောက်တိုဘာ ၂၉

ပုဇွန်တောင်မြို့နယ် ကျန်းမာရေးကြီးကြပ်မှုကော်မတီမှ ကျင်းပသော အစားအစာနှင့် ဆေးဝါးအတုများအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ကြွပ်ကြွပ်အိတ် သုံးစွဲမှုလျှော့ချရေး ပညာပေး ဟောပြောပွဲ အခမ်းအနားကို အောက်တိုဘာ ၁၅ရက် မွန်းလွဲ ၁နာရီက ပုဇွန်တောင်မြို့နယ် ဖုန်ကန်ရာဇီခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်မြင့်က အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်ဆရာဝန် ဒေါက်တာတင်ငွေက အစားအစာနှင့် ဆေးဝါးအတုအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ကြွပ်ကြွပ်အိတ် သုံးစွဲမှုလျှော့ချရေးနှင့်ပတ်သက်၍ သိကောင်းစရာများကို ဟောပြောသည်။ **(၁၁၃)**

ညောင်လေးပင်၌ မိုးစပါးစံကွက် ရိတ်သိမ်းသရုပ်ပြ

ညောင်လေးပင် အောက်တိုဘာ ၂၉

ပဲခူးခရိုင် ညောင်လေးပင်မြို့နယ် မိုးစပါးစံကွက်ရိတ်သိမ်းခြင်း သရုပ်ပြပွဲကို အောက်တိုဘာ၂၄ရက်က ရှမ်းရွာကျေးရွာအုပ်စု ဖအောင်းကွင်း ကွင်းအမှတ်(၂၂၁) ဦးပိုင်အမှတ်(၁၄/၁)တောင်သူ ဦးအောင်ဝင်း၏ မိုးစပါး မော်ဘီ(၅)ကို ပဲခူးခရိုင် မြေစာရင်းဦးစီးမှူးဦးသန်းမြင့်က ရိတ်သိမ်းရှင်းလင်းသရုပ်ပြခဲ့ရာ ညောင်လေးပင်မြို့နယ်၊ ဒိုက်ဦးမြို့နယ်၊ ကျောက်တံခါးမြို့နယ်၊ ရွှေကျင်မြို့နယ်တို့မှ မြို့နယ်မြေစာရင်းဦးစီးမှူးများနှင့် မြေစာရင်းဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

မန္တလေး၌ လူသုံးကုန်နှင့်အလှကုန်ထုတ်လုပ်မှု သင်တန်းဆင်း

မန္တလေး အောက်တိုဘာ ၁၅

သမဝါယမဝန်ကြီးဌာန အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အထက်မြန်မာပြည်ရုံး (မန္တလေးရုံးခွဲ) လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်မှု နည်းပညာသင်တန်း (၄-၂/၂၀၀၉)ဆင်းပွဲကို အောက်တိုဘာ ၆ရက်က ကူးသန်းရောင်းဝယ်ရေးကျောင်း၌ ကျင်းပသည်။

တက်ရောက်

အဆိုပါသင်တန်းဆင်းပွဲသို့ ညွှန်ကြားရေးမှူး ဦးဌေးလွင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်သန်းနှင့် ဦးစီးအရာရှိများ၊ ကူးသန်းရောင်းဝယ်ရေးကျောင်းအုပ်ကြီးနှင့် တိုင်းသမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌနှင့် ဖိတ်ကြားထားသူများ၊ သင်တန်းမှူးနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဆင်း

ရှေးဦးစွာ ညွှန်ကြားရေးမှူးက အမှာစကားပြောကြားပြီး **(အောက်ဝဲပုံ)** ပထမဆု ဦးစိန်ဝင်းနိုင်၊ ဒုတိယ ဦးရဲနောင်၊ တတိယ ဒေါ်သင်းသင်းဝေနှင့် စတုတ္ထ ဒေါ်ဟေမာန် ကိုတို့အား သင်တန်းဆင်း လက်မှတ်များကို ပေးအပ်သည်။ ထို့နောက် သင်တန်းသား တစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး သင်တန်းဆင်းပွဲကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှု

ထို့နောက် ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် သင်တန်းသား သင်တန်းသူများ လက်တွေ့ပြုလုပ်ထားသော အလှကုန်ပစ္စည်းများကို ကြည့်ရှုကြသည်။

ကြာမြင့်

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၃၀တက်ရောက်ပြီး သင်တန်းကာလ ရက်သတ္တတစ်ပတ် ကြာမြင့်ခဲ့သည်။ **(၀၉၀)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနား
လင်းခေးမြို့နယ်၌ ကျင်းပ

လင်းခေး အောက်တိုဘာ ၂၉

လင်းခေးခရိုင် လင်းခေးမြို့နယ်တွင် ၂၀၀၉ခုနှစ် (၄၅)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် အခမ်းအနားကို အောက်တိုဘာ ၁ရက် နံနက်စနာရီက လင်းခေးမြို့နယ် နွယ်ဝတီခန်းမ၌ကျင်းပသည်။

ဆုလက်ခံယူ

အခမ်းအနားတွင် လင်းခေးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစိုးမြင့်က မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် နှုတ်ခွန်းဆက်စကား ပြောကြားသည်။ **(အပေါ်ပုံ)** ဆက်လက်၍ ၂၀၀၉ခုနှစ် (၄၅)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် ဆုချီးမြှင့်ခြင်းကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးတင်ဆွေက ၂၀၀၉ခုနှစ်အတွင်း အကောင်းဆုံးလုပ်ငန်းစွမ်းရည်ဆု ရရှိသည့် မိုင်းပန်မြို့နယ်၊ စည်းကမ်းပိုင်းဆိုင်ရာ အကောင်းဆုံး အုပ်ချုပ်မှုစွမ်းရည်ဆုရရှိသည့် မိုးနဲမြို့နယ်၊ စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ် စွမ်းရည်အကောင်းဆုံးဆုရရှိသည့် လင်းခေးမြို့နယ်တို့အား ဆုချီးမြှင့်ပေးအပ်ရာ သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့မှူးများက လက်ခံယူကြသည်။

ချီးမြှင့်ပေးအပ်

ဆက်လက်ပြီး လင်းခေးခရိုင်ဥက္ကဋ္ဌ ဦးကျော်ဆန်းက ၂၀၀၉ခုနှစ်အတွင်း ရဲလုပ်ငန်း စွမ်းရည်ထူးချွန်သော ရဲတပ်ဖွဲ့ဝင်များအားလည်းကောင်း၊ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးအောင်ချိုဦးက ၂၀၀၉ခုနှစ်အတွင်း ရဲလုပ်ငန်းစွမ်းရည်ထူးချွန်သူ တပ်ဖွဲ့ဝင်လေးဦးအား လည်းကောင်း၊ လင်းခေးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစိုးမြင့်က ၂၀၀၉ခုနှစ်အတွင်း ပေးအပ်သောတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသော တပ်ဖွဲ့ဝင်များအားလည်းကောင်း ဆုချီးမြှင့်ပေးအပ်ရာ ဆုရရှိခဲ့သောမြို့နယ်အသီးသီးမှ ရဲတပ်ဖွဲ့ဝင်များက ဆုများကိုလက်ခံယူကြသည်။

(ခရိုင် ပြန်/ဆက်)

မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် အောင်သဇင်ဓမ္မာရုံ၌ အောက်တိုဘာ ၁၁ရက်က မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါး အလွဲသုံးစွဲမှု အန္တရာယ်ဆိုးကျိုးများအကြောင်း အသိပညာပေး ဟောပြောပွဲကျင်းပရာ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲအုပ်ဇော်နိုင်အောင်က ပညာပေးဟောပြောစဉ်။ (၁၁၁)

ဆည်များအတွင်း ငါးမျိုးစိုက်ထည့်ပွဲ
စစ်ကိုင်းတိုင်းတွင်ကျင်းပ

စစ်ကိုင်း အောက်တိုဘာ ၂၉

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန၏ ညွှန်ကြားချက်၊ စစ်ကိုင်းတိုင်း ငါးလုပ်ငန်းဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနသည် ရေလှောင်တမံနှင့် ဆည်များအတွင်း ငါးမျိုးစိုက်ထည့်ခြင်းကို စက်တင်ဘာ ၂၉ရက်က ကျင်းပရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဆက်လက်၍ တာဝန်ရှိသူများက စစ်ကိုင်းမြို့နယ် ရေကျော်ဆည်အတွင်း ငါးသန် သားပေါက်ကောင်ရေ ငါးသောင်း၊ အုန်းတောဆည်အတွင်း နှစ်သိန်း၊ ကျောက်ဖရားလေးဆည်အတွင်း ငါးသောင်း၊ နှုံးတွင်း(၃)ဆည်အတွင်း ငါးသောင်းနှင့် မြင်းမူမြို့နယ် လက်ပံဆည်အတွင်းတစ်သိန်း စုစုပေါင်း ငါးသန် သားပေါက်ကောင်ရေ လေးသိန်း ငါးသောင်း စိုက်ထည့်ကြောင်း သိရသည်။ **(အောက်ပုံ) (ခရိုင်ပြန်/ဆက်)**

သစ်ပင်စိုက်ပါ

ဒို့ကမ္ဘာ

သာယာလှပ

စိမ်းမြမြ

တနိုင်းမြို့၌ ကတ္တရာခင်းခြင်းဆောင်ရွက်

တနိုင်း အောက်တိုဘာ ၂၉

တနိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်မြို့ပြငွေလုံးငွေရင်းလုပ်ငန်းဖြစ်သော မုန်ဒိန်ရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်းအရှည် ပေ၅၀၀ ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန် ကျောက်စုဆောင်းထားရှိမှုကို အမှုဆောင်အရာရှိ ဦးဝင်းမြတ်သိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးအောင်တို့က ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့သည်။

(ခရိုင် ပြန်/ဆက်)

သီးနှံပိုးမွှားကာကွယ်ရေး သင်တန်းဆင်းပွဲ
မုဒုံမြို့နယ် ကန်ကလေးဥယျာဉ်ခြံ၌ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၉

မွန်ပြည်နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း သီးနှံပိုးမွှားကာကွယ်ရေးဌာနစိတ်က ကြီးမှူးဖွင့်လှစ်သော ဥယျာဉ်ခြံ သီးနှံပိုးမွှားကာကွယ်ရေးသင်တန်းဆင်းပွဲကို စက်တင်ဘာ ၂၅ ရက်က မုဒုံမြို့နယ် ကန်ကလေးဥယျာဉ်ခြံ၌ကျင်းပရာ မွန်ပြည်နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာဦးကျော်မြင့်၊ ပြည်နယ်သီးနှံ ပိုးမွှားတာဝန်ခံ ခြံမန်နေဂျာများနှင့် မုဒုံမြို့နယ် မန်နေဂျာတို့က ဥယျာဉ်ခြံသီးနှံ ပိုးမွှားကာကွယ်ရေးလုပ်ငန်းရပ်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ပိုးသတ်ဆေးဥပဒေနှင့် မြေဩဇာဥပဒေတို့ကိုလည်းကောင်း ဆွေးနွေးမှာကြားကြသည်။

ကြည့်ရှုလေ့လာ

ယင်းနောက် မွန်ပြည်နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးကျော်မြင့်က သင်တန်းဆင်းလက်မှတ်နှင့် ဂုဏ်ပြုဆုများချီးမြှင့်ပေးအပ်သည်။ **(အောက်ပုံ)** အဆိုပါ သင်တန်းသို့ ဥယျာဉ်ခြံစိုက်ပျိုးသူ ၆၅ဦး တက်ရောက်ကြပြီး မုဒုံမြို့နယ် ကန်ကလေးခြံနှင့် ပေါင်မြို့နယ် ကျုံကခြံအတွင်းရှိ ဒူးရင်း၊ မင်းကွတ်၊ ကြက်မောက်၊ ကျွဲကောပင်များ စိုက်ပျိုးထားရှိမှု၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းမှု၊ မြေဩဇာနှင့် ရေပေးဝေမှု လုပ်ငန်းများကို ကြည့်ရှုလေ့လာခဲ့ကြသည်။ **(သတင်းစဉ်)**

တိုင်းရင်းသားရိုးရာ ဝတ်စားဆင်ယင်မှုပြိုင်ပွဲ
မူဆယ်မြို့၌ ကျင်းပ

မူဆယ် အောက်တိုဘာ ၂၉

မူဆယ်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော တိုင်းရင်းသားရိုးရာ ဝတ်စားဆင်ယင်မှုပြိုင်ပွဲနှင့် အလှမယ်ပြပွဲကို စက်တင်ဘာ ၂၅ရက်က မူဆယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်

အခမ်းအနားသို့ ခရိုင်ဥက္ကဋ္ဌ ဦးထွန်းမင်းဇော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးညွန့်ဟန်နှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများတက်ရောက်ကြသည်။ အစီအစဉ်အရ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သန်းမြင့်နှင့် မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ညွန့်ရည်တို့က အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တိုင်းရင်းသားရိုးရာ ဝတ်စားဆင်ယင်မှုပြိုင်ပွဲတွင် ဆုရရှိသူများအား ခရိုင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သန်းမြင့်နှင့် တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

(မြို့နယ်အမျိုးသမီးရေးရာ)

ကွန်ဟိန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှဝန်ထမ်းများ စဝ်စံထွန်းလမ်း ကတ္တရာ လမ်းပေါက်ဖာထေးခြင်းလုပ်ငန်းကို စက်တင်ဘာ၁၄ရက်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးမျိုးဝင်းဇော်နှင့် တာဝန်ခံအင်ဂျင်နီယာဦးကျော်မိုးခိုင်တို့က ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

30-10 (06).pmd 1 10/29/2009, 1:44 PM

Air Bagan Open Golf Championships

ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၉

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူး၍ Air Bagan Ltd. က အဓိက ကူညီပံ့ပိုးသော မြန်မာပြည်တွင်း ပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ(Myanmar Golf Tour2009-2010) တတိယပွဲစဉ်အဖြစ် Air Bagan Open Golf Championships (ပြင်ဦးလွင်) ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၉ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့ ပြင်ဦးလွင် ဂေါက်ကလပ်၌ ကျင်းပသည်။

စတင်ကျင်းပ

အဆိုပါ ဖွင့်ပွဲ အခမ်းအနားတွင် ဂေါက်သီးရိုက် အားကစားသမားများသည် သတ်မှတ်ထားသည့် အမှတ်(၁) တီခုံ၌ နေရာယူကြပြီး ပြင်ဦးလွင်ဂေါက်သီးရိုက် အသင်းနာယကများဖြစ်သည့် ပြင်ဦးလွင် တပ်နယ် တပ်နယ်မှူး ဗိုလ်မှူးချုပ် ဇေယျာအောင်၊ တပ်မတော်နည်းပညာတက္ကသိုလ် ကျောင်း ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် ဆန်းဦး၊ ပြင်ဦးလွင် ဂေါက်သီးရိုက်အသင်း ဥက္ကဋ္ဌ တပ်မတော် အုပ်ချုပ်မှုကျောင်း ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ဇာနည်ဝင်း၊ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် Air Bagan Ltd. ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းတို့က အလှည့်ကျ ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြပြီးနောက် ပထမနေ့ (၁၈) ကျင်းပြိုင်ပွဲကို စတင်ကျင်းပသည်။

ဦးဆောင်

ပထမနေ့ (၁၈)ကျင်းပြိုင်ပွဲ အပြီးတွင် Professional Golfers ပြိုင်ပွဲ၌ စိုးကျော်နိုင် (Srixon)က ရိုက်ချက် ၆၈ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိပြီး၊ ရန်အောင်လတ်နှင့် ဇော်ဇော်လတ် (Srixon)တို့က ရိုက်ချက် ၇၀စီဖြင့် ဒုတိယ လိုက်နေကြသည်။

အပျော်တမ်း

အမျိုးသား အပျော်တမ်းပြိုင်ပွဲတွင် မောင်မောင်ဦးက ရိုက်ချက် ၆၇ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိပြီး မောင်မဲက ရိုက်ချက် ၇၁ချက်ဖြင့်ဒုတိယ၊ နိုင်ရဲလင်းက ရိုက်ချက် ၇၃ချက်ဖြင့် တတိယ လိုက်နေကြသည်။

အဆိုပါပြိုင်ပွဲကို Main Sponsor အဖြစ် Air Bagan Ltd. က အဓိကကူညီပံ့ပိုးပြီး Co-Sponsors များအဖြစ် International Beverages Trading Co.,Ltd. (IBTC), KBZ Bank Ltd., Hotel Yangon, KM Golf Centre, HAN Golf Masters Pte., Ltd., Myanmar Thiha Trading Co., Ltd., Bay of Bengal Resort (BOB), (INAX,T-Home), CEPSA Lubricantes, ACCEL International Co.,Ltd., (Canon), Imperial Jade Purified Drinking Water, Lifeline Co.,Ltd., GP Watch နှင့် ပြင်ဦးလွင် ဂေါက်သီးရိုက်အသင်းတို့က ထပ်မံပံ့ပိုးကူညီကြကြောင်း သတင်းရရှိသည်။

(ဂေါက်သီးအဖွဲ့ချုပ်)

Air Bagan Ltd. ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်း ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။ (ဂေါက်သီးအဖွဲ့ချုပ်)

(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ပြည်နယ်နှင့်တိုင်းများမှ ပြိုင်ပွဲဝင်များနှင့် အုပ်ချုပ်သူများ၊ အကဲဖြတ်ပညာရှင်များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု လေ့လာရေးအဖွဲ့ဝင်များ တိရစ္ဆာန်ဉယျာဉ် (နေပြည်တော်)တွင် ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

ပြည်နယ်နှင့်တိုင်းများမှ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ

နေပြည်တော်တွင် လှည့်လည်ကြည့်ရှုလေ့လာ

နေပြည်တော် အောက်တိုဘာ ၂၉

(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ပြည်နယ်နှင့်တိုင်းများမှ ပြိုင်ပွဲဝင်များနှင့်အုပ်ချုပ်သူများ၊ အကဲဖြတ်ပညာရှင်များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုလေ့လာရေးအဖွဲ့ဝင်များသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် နေပြည်တော်၌ လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ကြည့်ရှုလေ့လာ

ရှေးဦးစွာ လေ့လာရေးအဖွဲ့ဝင်များသည် တိရစ္ဆာန်ဉယျာဉ်(နေပြည်တော်)သို့ သွားရောက်ကြည့်ရှုလေ့လာကြပြီး နက္ခတ်တာရာပြခန်း(နေပြည်တော်)ပညာပေးပြခန်းအတွင်း၌ ပြသထားသည့် ပညာပေးပြကွက်များနှင့် ပိတ်ကားကုန်းပြဇာတ်ရုံ၌ပြသသည့် မြန်မာ့အလှမြန်မာ့ရှုခင်း၊ ဖာဂိုဘုရင်နှင့် နက္ခတ်တာရာများ၊ အနန္တစကြဝဠာများအကြောင်း ပြကွက်များကို ကြည့်ရှုလေ့လာကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များသည် နေပြည်တော် ဥပ္ပါတသန္တိကုန်းတော်ရှိ ဥပ္ပါတသန္တိစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြ၍ အလှူငွေများကို ပေးအပ်လှူဒါန်းကြပြီး နေပြည်တော်မြို့မဈေး၊ Junction Center၊ ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)နှင့် နေပြည်တော်ရေပန်းဥယျာဉ်တို့သို့ လှည့်လည်သွားရောက် ကြည့်ရှုလေ့လာကြသည်။ **(သတင်းစဉ်)**

ဂိုးပြတ်နဲ့ စတုတ္ထနေရာရောက်လာတဲ့ ရန်ကုန်ယူနိုက်တက်

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ - ဖိုးသော်ဇင် စာမျက်နှာဖွဲ့စည်းမှု - သောင်းရွှေ (မြန်မာ့အလင်း)

ရန်ကုန် အောက်တိုဘာ ၂၉

MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ ပွဲစဉ်(၃၄)ကို ယနေ့ ညနေ၄နာရီက သုဝဏ္ဏကွင်းမှာ ဆက်လက်ကျင်းပရာ ရန်ကုန်ယူနိုက်တက်အသင်းက ဆောက်သမ်းမြန်မာအသင်းကို လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။

ရန်ကုန်ယူနိုက်တက် - လေးဂိုး။

ဆောက်သမ်းမြန်မာ - တစ်ဂိုး။

ပထမအကျော့မှာ ထင်ထားသလောက် ရလဒ်မကောင်းခဲ့တဲ့ ရန်ကုန်ယူနိုက်တက် အသင်းဟာ အခုဒုတိယအကျော့ ပွဲစဉ်တွေမှာ နိုင်ပွဲတွေ ဆက်တိုက်ယူပြီး ပေါက်ကွဲပြနေပါတယ်။ ဒုတိယအကျော့ ပထမပွဲမှာ မကွေး F.C ကို အနိုင်ကစားခဲ့သလို အခုပွဲမှာလည်း ဆောက်သမ်းမြန်မာကို ဂိုးပြတ်သွင်းခဲ့ပါတယ်။ ဆောက်သမ်းမြန်မာအသင်းကို လေးဂိုးသွင်းယူခဲ့တာကြောင့် ဂိုးကွာခြားချက်နဲ့ ဇေယျာရွှေမြေအသင်းရဲ့ စတုတ္ထနေရာကိုရယူနိုင်ခဲ့ပါတယ်။ အခုနိုင်ပွဲဟာရန်ကုန်ယူနိုက်တက်အသင်းရဲ့ တတိယမြောက်နိုင်ပွဲဖြစ်ပြီး ပထမဦးဆုံး ဂိုးပြတ်အနိုင်ရခဲ့တဲ့ပွဲဆိုရင်လည်း မမှားပါဘူး။

ဟာကွက်တွေရှိ

ရန်ကုန်ယူနိုက်တက်ကို ဂိုးပြတ်ရှုံးနိမ့်ခဲ့တဲ့ ဆောက်သမ်းမြန်မာအသင်းဟာ အခုပြိုင်ပွဲမှာ ဒုတိယမြောက်ဂိုးပြတ် ရှုံးနိမ့်ခဲ့တဲ့ပွဲဖြစ်ခဲ့ပါတယ်။ ဒီနေ့ပွဲ ကစားပုံဟာ ရန်ကုန်ယူနိုက်တက်ဘက်ကို ဖိအားပေးနိုင်ခဲ့ပေမယ့် တစ်ဂိုးစီသရေကျပြီး နောက်ပိုင်းမှာ ခံစစ်ပိုင်း ဟာကွက်တွေရှိခဲ့လို့ ဂိုးပြတ်သွင်းခဲ့ရတာပါ။ ကမ္ဘောဇကို အနိုင်ရထားတဲ့ ဆောက်သမ်းမြန်မာအသင်းကတော့ အခုပွဲရှုံးသွားလို့ အမှတ်ပေးဇယား အောက်ဆုံးက ရုန်းမထွက်နိုင်သေးပါဘူး။

ကမ္ဘောဇကို အနိုင်ရထားလို့ စိတ်ဓာတ်တက်နေတဲ့ ဆောက်သမ်းမြန်မာအသင်းဟာ ပွဲစကတည်းက ရန်ကုန်ယူနိုက်တက်ဘက်ကို ဖိအားပေးဖို့ ကြိုးစားခဲ့ပါတယ်။ လက်ဘန္ဒန် လက်ရွေးစင်ဟောင်း ရာမက်ဇ်ဒါရှော့ဘ်မပါဝင်တဲ့ ရန်ကုန်ယူနိုက်တက်နောက်တန်းဟာ အားနည်းမှုတွေရှိခဲ့ပါတယ်။ ရန်ကုန်ယူနိုက်တက်အသင်းဟာ အိုင်ဗရီကို့စ်တိုက်စစ်မှူး ကိုနေးမိုဟာမက်တစ်ဦးတည်းကို အထောင်ထားပြီး ၄-၂-၃-၁ပုံစံနဲ့ ကစားခဲ့ပါတယ်။ ၄၃ မိနစ်မှာ ကိုနေးမိုဟာမက်ရဲ့ ကန်ချက်ကို ဆောက်သမ်းဂိုးသမား ပြည့်ဖြိုးအောင် ပုတ်ထုတ်ရာမှ လျှံထွက်လာသော ဘောလုံးကို ဘမ်ဘာက ပိတ်သွင်းယူခဲ့လို့ ရန်ကုန်ယူနိုက်တက်အသင်း ပထမပိုင်းအပြီးမှာ တစ်ဂိုးအသာနဲ့ ဦးဆောင်နေပါတယ်။ မိနစ် ၆၀မှာ တောင်ပံကစားသမားအောင်ရဲထွဋ်က ဆောက်သမ်းမြန်မာအတွက်ချေပဂိုး ပြန်သွင်းခဲ့ပေမယ့် သရေရလဒ်ကို ကြာရှည်မထိန်းနိုင်ခဲ့ပါဘူး။ သရေဖြစ်ပြီး နောက်ပိုင်းမှာ ရန်ကုန်ယူနိုက်တက်အသင်းက တိုက်စစ်အားမြှင့်ခဲ့ပြီး ၆၂မိနစ်မှာ မျိုးမင်းထွန်း၊ ၈၅ မိနစ်နဲ့၈၈မိနစ်မှာ ဘမ်ဘာတို့က ဂိုးတွေ ထပ်မံသွင်းယူခဲ့တာကြောင့် ပွဲအပြီးမှာ ရန်ကုန်ယူနိုက်တက်အသင်းလေးဂိုး-တစ်ဂိုးနဲ့အနိုင်ရရှိသွားပါတယ်။ ။ **(မြန်မာ့အလင်း)**

ယနေ့ပွဲ

ညနေ ၄နာရီ

(သုဝဏ္ဏကွင်း)

ပဏာမမြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနှင့် ကိုရီးယားဒီမိုကရက်တစ် ယူ-၁၆ အမျိုးသမီးအသင်း။

ရန်ကုန်ယူနိုက်တက်အတွက် ဟက်ထရစ် သွင်းယူပေးခဲ့သူ ဘမ်ဘာနှင့် ဆောက်သမ်းမြန်မာမှ စိုးကျော်သူတို့ ဉာဏ်သို့ အကြိတ်အနယ်။ (မြန်မာ့အလင်း)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်

ရန်ကုန် အောက်တိုဘာ ၂၉

<u>**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ**</u> လွန်ခဲ့သော ၂၄နာရီအတွင်းက ရှမ်းပြည်နယ်၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ သာယာဝတီမြို့တွင် ၀ ဒသမ ၅၉ လက်မနှင့် ပုသိမ်မြို့တွင် ၀ ဒသမ ၄၈ လက်မတို့ဖြစ်ကြသည်။

<u>**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ**</u> ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

<u>**အောက်တိုဘာ ၃၀ရက် ညနေအထိခန့်မှန်းချက်မှာ**</u> ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

<u>**မြန်မာ့ပင်လယ်ပြင်တွင်**</u> လှိုင်းအနည်းငယ်သာရှိမည်။

<u>**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ**</u> တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

<u>**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်**</u> တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

<u>**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်**</u> နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

<u>**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင်**</u> တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

တာမွေမြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်မြင့်အေး ဦးဆောင်သောအဖွဲ့ အောက်တိုဘာ၁၄ရက်က တာမွေကြီး(ခ) ရပ်ကွက် စာပေဉယျာဉ်စာကြည့်တိုက်တွင် ကွင်းဆင်းဆောင်ရွက်ပြီး မြို့နယ်ဦးစီးမှူးက စာကြည့်တိုက်အတွက် စာအုပ်များ ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက လက်ခံယူစဉ်။ (မြို့နယ် ပြန်/ဆက်)

TV Guide အတွဲ ၁၊ အမှတ် ၁၇ ထုတ်ဝေဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၂၉

TV Guide အတွဲ ၁၊ အမှတ် ၁၇ကို အောက်တိုဘာ ၃၀ရက် **(ယနေ့)**တွင် စတင်ဖြန့်ချိလိုက်ပြီဖြစ်သည်။

MTV ရုပ်သံလိုင်း၌ နိုဝင်ဘာ၆ရက်တွင်ပြသမည့် Europe Music Awards ဆုပေးပွဲအကြောင်း၊ 5 MOVIES ရုပ်သံလိုင်း၏ 5 MUSIC အစီအစဉ်တွင် ပြသမည့် စိုင်းစိုင်းခမ်းလှိုင်၏ အဲဗားဂေါ်လီတေးသီချင်းဗွီဒီယို၊ ESPN နှင့် STARSPORTS ရုပ်သံလိုင်းများတွင် တိုက်ရိုက်ပြသမည့် အာဆင်နယ်နှင့် တော့တင်ဟမ်၊ မန်ယူနှင့် ဘလက်ဘန်း၊ ဖူလ်ဟမ်နှင့် လီဗာပူးလ်၊ ဘော်လ်တန်နှင့် ချယ်လ်ဆီး၊ ဘာမင်ဂမ်နှင့်မန်စီးတီးပွဲစဉ်များ၏ ပွဲကြိုသုံးသပ်ချက်များ၊ Grand Prix de Tennis Lyon ပွဲအကြောင်း၊ Asian Amateur Championship ပွဲများအကြောင်း၊ Animal Planet ရုပ်သံလိုင်းတွင်ပြသမည့် လူသားစား Jellyfish အကြောင်း၊ Discovery ရုပ်သံလိုင်းတွင်ပြသမည့် မန်ယူသူရဲကောင်း Peter Schmeichel တစ်ယောက် ရှုံ့ရှာဖွယ်ကောင်းသော အလုပ်များလုပ်နေသည့်အကြောင်း၊ Mandalay FM တွင် တိုက်ရိုက်ထုတ်လွှင့်နေသည့် ပရီမီယာဘောလုံးပွဲစဉ်များအကြောင်း၊ MRTV-4 တွင် ပြသမည့် FMF အပိုင်း ၅၏ Yuzana Birdal Show(2) အကြောင်း၊ FMF Selection အစီအစဉ်တွင် ထုတ်လွှင့်မည့် သီချင်း ခြောက်ပုဒ်အမည်၊ ရုပ်သံလိုင်း ၁၇လိုင်းနှင့် လေလှိုင်းတစ်ခုတို့၏ တစ်ပတ်စာ အစီအစဉ်အသေးစိတ်များ၊ လက်မလွတ်တမ်းကြည့်သင့်သော အစီအစဉ်များအကြောင်း တင်ပြထားသည့် Highlight များပါဝင်သည်။

TV Guide စာစောင်ကို တစ်စောင်လျှင် ကျပ်၅၀၀နှုန်းဖြင့် City Mart များ၊ စိန်ဂေဟာစင်တာများ၊ Shopping Centre များ၊ စာအုပ်ဆိုင်များ၊ ဂျာနယ်ဆိုင်များတွင် ဝယ်ယူနိုင်ကြောင်းနှင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် အိမ်တိုင်ရာရောက် အစီအစဉ် စတင်နေပြီဖြစ်ကြောင်း သိရသည်။

မိမိနှင့် မိသားစုဝင်များ၏ အားလပ်ချိန်များကို တန်ဖိုးရှိရှိအသုံးချနိုင်ရန်နှင့် အစီအစဉ်ကောင်းများကို လက်မလွတ်စေရန်အတွက် TV Guide ရုပ်မြင်သံကြားလမ်းညွှန်ကို Novel Light Express ဖုန်း-၃၉၁၁၈၆၊၂၄၃၈၉၃ ဖြန့်ချိရေးမှ ဖြန့်ချိလိုက်ပြီဖြစ်ရာ အပတ်စဉ်သောကြာနေ့တိုင်း စောင့်မျှော်ဖတ်ရှုနိုင်ပြီဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း သတင်းပဒေသာအတိုအထွာ

ရန်ကုန် အောက်တိုဘာ ၂၉

သက်ကြီးဝါရင့် အားကစား ကလောင်ရှင်ကြီးများအား ဂုဏ်ပြုပွဲ

မြန်မာနိုင်ငံ အားကစားကလောင်ရှင်များ အဖွဲ့ချုပ်က ဒုတိယအကြိမ် သက်ကြီး ဝါရင့် အားကစားကလောင်ရှင်ကြီးများအား ဂုဏ်ပြုကန်တော့ပွဲကို နိုဝင်ဘာ ၁ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပမည် ဖြစ်သည်။

စီးပွားရေးဆိုင်ရာ ဟောပြောပွဲကျင်းပမည်

ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ်ကုန်းဘောင် တကောင်းခန်းမ၌ အောက်တိုဘာ ၃၁ရက် မွန်းလွဲ ၁နာရီတွင် ခင်မောင်ညို(ဘောဂဗေဒ)က စီးပွားရေးဆိုင်ရာ ဟောပြောပွဲ ကျင်းပမည်ဖြစ်သည်။

နှင်းဆီကုန်းဘိုးဘွားရိပ်သာ ဘိုးဘွားနေ့ ကျင်းပမည်

ရန်ကုန်မြို့ နှင်းဆီကုန်းဘိုးဘွားရိပ်သာ (၇၆)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ဘိုးဘွားနေ့ အထိမ်းအမှတ်ပွဲကို နိုဝင်ဘာ ၇ရက် (စနေနေ့) မွန်းလွဲ ၁နာရီခွဲတွင် ရိပ်သာ၏ သီရိရတနာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ရွှေတွံတေး ပန်းချီပြပွဲ ခင်းကျင်းပြသ

ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းဈေး မြန်မာနိုင်ငံရိုးရာ ပန်းပညာရှင်များအစည်းအရုံး(ဗဟို)ပြခန်း၌ ပထမအကြိမ် ရွှေတွံတေးမြို့နယ် ပန်းချီပြပွဲကို အောက်တိုဘာ ၂၇ရက်က ဖွင့်လှစ်ခဲ့ပြီး ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ်လက်ရာကားများ ခင်းကျင်းပြသထားသည်။ ပြပွဲကို နိုဝင်ဘာ၃ရက် နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ပြသထားမည်ဖြစ်သည်။

အခြေခံစိုက်ပျိုးနည်း ရက်တိုသင်တန်းများဖွင့်မည်

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြေပဒေသာဥယျာဉ်(ပညာပေးဌာန)တွင် အခြေခံ စိုက်ပျိုးနည်း ရက်တိုသင်တန်းများ ဖွင့်မည်ဖြစ်ရာ ဟင်းသီးဟင်းရွက်စိုက်ပျိုးနည်းသင်တန်းကို နိုဝင်ဘာ ၃ရက်မှ ၅ရက်အထိ၊ ပန်းမန်စိုက်ပျိုးနည်းကို နိုဝင်ဘာ ၁၇ရက် မှ ၁၉ရက်အထိ၊ ပိုးသတ်ဆေး ကိုင်တွယ်အသုံးပြုနည်းကို နိုဝင်ဘာ၂၄ရက်မှ ၂၆ရက်အထိ ဖွင့်မည်ဖြစ်ရာ တက်ရောက်လိုပါက မြေပဒေသာဥယျာဉ် ဖုန်း-၅၄၉၇၃၀ သို့ ဆက်သွယ်နိုင်သည်။

အီလက်ထရွန်နစ်နှင့် အိမ်သုံးပစ္စည်းများ တပ်မတော်ခန်းမ၌ ခင်းကျင်းပြသမည်

အီလက်ထရွန်နစ်နှင့် အိမ်သုံးပစ္စည်းမျိုးစုံကို တစ်နေရာတည်းတွင် စုံစုံလင်လင်ဖြင့် ခင်းကျင်းပြသမည့် အီလက်ထရွန်နစ်နှင့် အိမ်သုံးပစ္စည်းပြပွဲကို နိုဝင်ဘာ ၁၄ရက်မှ ၁၇ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ် ဒီပလိုမာသင်တန်းခေါ်ယူ

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် ၂၀၀၉-၂၀၁၀ ပညာသင်နှစ်အတွက် ဒီပလိုမာသင်တန်း တက်ရောက်ခွင့်ခေါ်ယူထားရာ သင်တန်းတက်လိုပါက နိုဝင်ဘာ ၁၂ရက် နောက်ဆုံးထားလျှောက်နိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၅၁၄၃၇၁/လိုင်းခွဲ ၂၂၀သို့ ဆက်သွယ် စုံစမ်းနိုင်သည်။

ယူနီဆက်ဖ်ဓာတ်ပုံပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်နိုင်

မြန်မာနိုင်ငံဓာတ်ပုံအသင်းနှင့် ယူနီဆက်ဖ်တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပမည်ဖြစ်ပြီး သတ်မှတ်ထားသောခေါင်းစဉ်တစ်ခုစီ၌ အနည်းဆုံးဓာတ်ပုံတစ်ပုံစီ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အောက်တိုဘာ ၃၁ရက် နောက်ဆုံးထား ပေးပို့ရမည်ဖြစ်ကာ အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံဓာတ်ပုံအသင်း အမှတ် ၂၇၊ ၃၅လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့သို့ ဆက်သွယ်ပေးပို့ ယှဉ်ပြိုင်နိုင်သည်။

ညောင်လေးပင်၌ ပညာရည်ချွန်ဆုနှင်းမည်

ညောင်လေးပင်မြို့ ဆရာကြီး ဦးအုန်းကျော်၏ ပညာရည်ချွန်ဆုနှင်းပွဲ (၂၅)ကြိမ်မြောက် ငွေရတုအခမ်းအနားကို နိုဝင်ဘာ ၁၁ရက် မွန်းလွဲ ၁နာရီတွင် ညောင်လေးပင်မြို့ အာဇာနည်လမ်းရှိ သီရိရတနာခန်းမ၌ ကျင်းပမည်ဖြစ်ရာ အလှူငွေများ လှူဒါန်းလိုပါက ဖုန်း-၀၁-၆၈၀၉၉၇ နှင့် ၀၅၂-၅၀၂၆၂ တို့သို့ ဆက်သွယ်နိုင်သည်။ ။

(မြန်မာ့အလင်း)

စုစည်းရေးသားသူ-ဝင်းကျော်

အသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၉

၂၀၀၉ခုနှစ် (၂၅)ကြိမ်မြောက် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲကို နေပြည်တော်ရှိ အမှတ်(၁) အားကစားကွင်း၌ ယနေ့ညပိုင်းတွင်ကျင်းပရာ အနောက်မြောက်တိုင်း စစ်ဌာနချုပ်အသင်းက တောင်ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တောင်ကြီးကောလိပ် ကျောင်းသား ကျောင်းသူများ ကောဒသမအကြိမ် အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၉

တောင်ကြီးကောလိပ်တွင် ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူများက တောင်ကြီးကောလိပ်စတင်တည်ထောင်သည်မှ ၁၉၇၄ပညာသင်နှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သော ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာဆရာမများအား ကောဒသမအကြိမ် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ရက်(စနေနေ့) နံနက် ၉နာရီတွင် ရန်ကုန် YMCA ခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ဖိတ်စာမရရှိသော ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူဟောင်းများသည် အောက်ပါပုဂ္ဂိုလ်များနှင့် ဆက်သွယ်ရယူနိုင်သည်။

ဆက်သွယ်လှူဒါန်း

အလှူငွေ ပါဝင်လှူဒါန်းလိုသူ ကျောင်းသား ကျောင်းသူဟောင်းများသည် ဦးမြင့်လွင်ခိုင်-ဒေါ်မြင့်မြင့်တင် ဖုန်း-၃၇၄၈၅၀၊ ၀၉-၅၀-၄၆၈၉၉၊ ဒေါက်တာသာညွှန့် ဖုန်း-၂၉၄၁၂၈၊ ၂၉၄၁၀၉၊ ၂၉၆၄၃၅၊ စိုင်းစိုးမြင့်ဆွေ-ဒေါ်စုစုသန်းဖေ ဖုန်း-၅၇၉၃၉၃၊ ဦးအောင်မွန် ဖုန်း-၀၆၇-၃၀၂၇၇၊ လီယို ဖုန်း-၀၉-၅၀-၁၁၃၉၂၊ စိုင်းဇော်မင်း ဖုန်း-၀၈၄-၂၁၅၇၁၊ ဒေါ်စွမ် ဖုန်း-၂၂၃၂၂၅၊ ဒေါ်ထွေးခင် ဖုန်း-၂၂၃၉၀၃၊ ဒေါ်မေကြင် ဖုန်း-၂၉၅၆၃၈၊ ဦးအောင်မြင့် ဖုန်း-၀၆၄-၄၉၅၂၄၊ ဦးမောင်မောင်လေး ဖုန်း-၀၉-၅၀-၁၇၁၉၆၊ ဦးခင်မောင်ဆွေ ဖုန်း-၂၉၆၇၉၃၊ Melvin ကျော်သက် ဖုန်း-၀၂-၃၉၅၅၄၊ စိုင်းသိန်းထွေး ဖုန်း-၀၆၇-၂၂၀၇၄၊ ဒေါ်နန်းညွန့်တင် ဖုန်း-၀၆၇-၄၁၃၁၃၄၊ ဦးဝင်းလွင်-ဒေါ်မီမီချမ်း ဖုန်း-၀၈၁-၂၁၇၂၀၊ ဒေါ်ဆွေဆွေဦး ဖုန်း-၃၈၆၆၆၇၊ ဒေါ်စပ်သီတာထွေး ဖုန်း-၆၆၂၇၃၂၊ ဒေါ်မေမေတင် ဖုန်း-၇၀၈၅၃၃၊ ဒေါ်ခင်စစ်ဝေ ဖုန်း-၅၆၃၅၉၄၊ ဒေါ်ခင်ဝင့်အေးအေး ဖုန်း-၅၃၈၇၄၁၊ ဒေါ်စိန်စိန်မြင့် ဖုန်း-၀၈၂-၄၀၂၁၀၊ ဒေါ်နယ်လီထွန်း ဖုန်း-၀၂-၃၃၉၈၉၊ ဒေါ်တင်တင်နွဲ့ ဖုန်း-၂၅၂၉၉၂၊ ဒေါ်ခင်စိမ်းဝင်း ဖုန်း-၀၆၄-၂၄၅၈၁၊ ဦးတင့်ရှိန် ဖုန်း-၆၈၀၄၀၂၊ ဒေါ်ယုယုလွင် ဖုန်း-၂၁၀၅၁၉၊ ဒေါ်စီစီဝင်း ဖုန်း-၅၅၆၇၃၇၊ ဒေါ်သိန်းသိန်းလှ ဖုန်း-၅၃၆၂၉၀နှင့် ဒေါ်ခင်လှလှ ဖုန်း-၆၆၆၇၁၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၃၀-၁၀-၂၀၀၉ ရက်

(သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ **အောင်တော်မူ** စောမင်းနောင်၊ စိုင်းညီမင်း (တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇း၅၀ ၅။ အတီးပြိုင်ပွဲ
၈း၀၀ ၆။ **သုံးပင်နှစ်ဆယ်**
၈း၁၅ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈း၂၀ ၈။ စေတနာထားကာကုသပေး ပြည်သူများရဲ့ကျန်းမာရေး
၈း၃၀ ၉။ တန်ဆောင်တိုင်တေးများ
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ နှောင်းခေတ်တေးပဒေသာ
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ Myanmar National League MNL Cup (2009) ဘောလုံးပြိုင်ပွဲ ထုတ်လွှင့်မှုအစီအစဉ် (ဧယျာဝတီရွှေမြေအသင်းနှင့် ကမ္ဘောဇအသင်း)
၄း၅၀ ၂။ တန်ဆောင်တိုင်တေးများ
၅း၀၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၅း၁၅ ၄။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၂၀ ၅။ တေးဂီတအစီအစဉ်
၅း၃၀ ၆။ ပဉ္စလက်ကျောင်းတော်
၆း၀၀ ၇။ ညနေခင်းသတင်း
၆း၁၅ ၈။ မိုးလေဝသအခြေအနေ
၆း၂၀ ၉။ သုတစုံလင်ရွှေညာဏ်ရှင်
၇း၀၀ ၁၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလောင်းရိပ်** (အပိုင်း-၈)
၈း၀၀ ၁၁။ ပြည်တွင်းသတင်း
၁၂။ နိုင်ငံတကာသတင်းများ
၁၃။ မိုးလေဝသအခြေအနေ
၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလမ်းဆုံ** (အပိုင်း-၇၀)
၁၅။ သီချင်းချစ်သူ (Jenny)

အထွက်ကောင်းစပါးမျိုး ဝတ်မှုန်ကူး(မျိုးကူး)ပွဲတော် နမ့်ခမ်းမြို့နယ်တွင် ကျင်းပ

နမ့်ခမ်း အောက်တိုဘာ ၂၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ် အမှတ်(၃)ရပ်ကွက် ကွင်းအမှတ်(၁၇) ဦးပိုင်အမှတ်(၂) တောင်သူဦးရွက်ဆိုင်၏ လယ်တစ်ဧကတွင် စိုက်ပျိုးထားသော ဆင်းရွှေလီအထွက်ကောင်း စပါးမျိုးဝတ်မှုန်ကူး(မျိုးကူး) ပွဲတော်ကို အောက်တိုဘာ ၁ရက် နံနက် ၁၀နာရီက အဆိုပါလယ်ကွင်း၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းမင်းဇော်၊ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်လွင်နှင့် ဌာနဆိုင်ရာ စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာဥက္ကဋ္ဌများနှင့် တောင်သူများ တက်ရောက်ခဲ့ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ခရိုင်ဥက္ကဋ္ဌ ဦးထွန်းမင်းဇော်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဦးဘသန်း(ဒုတိယကြီးကြပ်ရေးမှူး)က အထွက်ကောင်းစပါး ဝတ်မှုန်ကူးခြင်းနည်းစနစ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ခရိုင်ဥက္ကဋ္ဌ၊ မြို့နယ်ဥက္ကဋ္ဌနှင့် တက်ရောက်လာသူများက စပါးဝတ်မှုန်ကူးခြင်းကို ကြည့်ရှုအားပေးခဲ့ကြသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

◆ ရှေ့ဖုံးမှ

နိုင်ငံတော်အစိုးရ လက်ထက် နယ်စပ်ဒေသများ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်လျက် ကျန်းမာရေး၊ပညာရေး၊လမ်းပန်းဆက်သွယ်ရေး စသည်ဖြင့် အစစအရာရာ ဖြည့်ဆည်းပေးနိုင်ခဲ့ပြီဖြစ်ရာ မိုးညှင်းခရိုင်လည်း ထိုအခွင့်အလမ်းများ ရရှိခဲ့သည်။ မိုးညှင်းခရိုင် ပြည်သူ့ဆေးရုံကြီးသည် ယခင်က ခုတင်(၅၀)ဆံ့ ဆေးရုံသာဖြစ်ခဲ့ရာမှ ယခုအခါ ခုတင်(၁၀၀)ဆံ့ ဆေးရုံကြီးအဖြစ်သို့ တိုးချဲ့ ဖွင့်လှစ်ပေးနိုင်ခဲ့ပေပြီ။

တွေ့ဆုံမေးမြန်း

မြန်မာ့အလင်း သတင်းအဖွဲ့သည် မကြာမီက ကချင်ပြည်နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေး သတင်းဆောင်းပါးများ ရေးသားတင်ပြနိုင်ရန် ရောက်ရှိခဲ့ရာ မိုးညှင်းခရိုင် ပြည်သူ့ဆေးရုံကြီးသို့လည်း ဝင်ရောက်လေ့လာခွင့်ရခဲ့သည်။ ခရိုင်ပြည်သူ့ဆေးရုံကြီးမှ ခရိုင် ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ဒေါ်နွယ်နွယ်ဝင်းနှင့်

"ကလေးတွေမှာဖြစ်တတ်တဲ့ ရောဂါတွေကို ကြိုတင်ကာကွယ်ရေး အစီအမံတွေနဲ့ ဆောင်ရွက်နေပါတယ်"

ဒေါက်တာစန်းစန်းမြင့် ကလေးအထူးကုဆရာဝန်ကြီး။

တာဝန်ရှိ ဆရာဝန်များအား တွေ့ဆုံမေးမြန်းခွင့်ရခဲ့သည်။

"ကျွန်မတို့ ခရိုင်ပြည်သူ့ဆေးရုံကို ၂၀၀၅ခုနှစ် ဖေဖော်ဝါရီ ၉ ရက်မှစပြီး ခုတင်(၅၀)ဆံ့ ဆေးရုံမှ ခုတင်(၁၀၀)ဆံ့ ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ပါတယ်။ ဒါ့အပြင် နိုင်ငံတော်က နှစ်ထပ်သံကူကွန်ကရစ် ဆေးရုံအဆောက်အအုံသစ်ကြီးကိုလည်း ၁၉၉၃ခုနှစ်မှာ တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်။ ဒီဆေးရုံကြီးမှာ အထူးကုဆရာဝန်ရှစ်ဦး၊ လက်ထောက်ဆရာဝန်၁၀ဦး၊ သူနာပြု ၇၆ဦးတို့က ဒေသနေ ပြည်သူများရဲ့ ကျန်းမာရေးကို ပြုစုစောင့်ရှောက်ပေးလျက်ရှိပါတယ်"ဟု ဒေါက်တာဒေါ်နွယ်နွယ်ဝင်းက မြန်မာ့အလင်းသို့ ရှင်းပြသည်။

"ကျွန်မတို့ မိုးညှင်းမြို့မှာ နှစ်စဉ်နှစ်တိုင်း သင်္ကြန်အပြီး ဆေးပဒေသာပင် လှူဒါန်းပွဲကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဦးစီးပြီး ကျင်းပပါတယ်။ ယခုအခါမှာ ရန်ပုံငွေကျပ်သိန်း ၁၅၀ လောက် ရှိပါပြီ။ ဒီငွေကနေ အတိုး ကျပ်သိန်း ၂၀လောက် နှစ်စဉ်ရနေတာကြောင့် တစ်လ ကျပ်တစ်သိန်းခွဲဖိုး လူနာတွေကို ဆေးအခမဲ့ ထောက်ပံ့ပေးနိုင်ပါပြီ။ ၂၀၀၈ခုနှစ်အတွင်း ပြင်ပလူနာ ၄၁၄၄ဦးနဲ့ အတွင်းလူနာ ၂၅၃၀တို့ကို ကျန်းမာရေး စောင့်ရှောက် ကုသမှုပေးနိုင်ခဲ့ပါတယ်"ဟု ဒေါက်တာဒေါ်နွယ်နွယ်ဝင်းက ဆက်လက်ရှင်းပြသည်။

"ဒီဒေသမှာရှိတဲ့ မွေးကင်းစကလေးတွေမှာ အဖြစ်များတဲ့ ရောဂါကတော့ အသားဝါရောဂါ ဖြစ်ပါတယ်။ ဒါ့အပြင် ဝမ်းပျက် ဝမ်းလျှောရောဂါ၊ ဦးနှောက် ၄က်ဖျားရောဂါတွေလည်းဖြစ်တတ်ပါတယ်။ အချိန်မီ ကုသရေးနဲ့ ကြိုတင် ကာကွယ်ရေး အစီအမံတွေ လုပ်ဆောင်နေပါတယ်"

"မိုးညှင်းခရိုင် ပြည်သူ့ဆေးရုံကြီးဟာ ပြည်သူတွေအားကိုးအားထားပြုရတဲ့ ဆေးရုံကောင်းကြီးဖြစ်အောင် ကြိုးစားလျက်ရှိပါတယ်"

ဒေါက်တာအေးအေးဟန် သားဖွားနှင့်မီးယပ် အထူးကုဆရာဝန်ကြီး။

ဟု ကလေးအထူးကု ဆရာဝန်ကြီး ဒေါက်တာဒေါ်စန်းစန်းမြင့်က သတင်းအဖွဲ့အား ရှင်းပြသည်။

"ကျွန်မတို့ ဒီမိုးညှင်းခရိုင် ပြည်သူ့ဆေးရုံကြီးမှာ ပုံမှန်ရိုးရိုး မွေးလူနာထက် ခွဲစိတ်မွေးဖွားတဲ့ လူနာက ပိုများပါတယ်။ မိုးညှင်းခရိုင်အတွင်း မှာရှိတဲ့ မွေးလူနာတွေ သာမက

မိုးညှင်းခရိုင် ပြည်သူ့ဆေးရုံကြီးသည် ယခင်က ခုတင်(၅၀)ဆံ့ ဆေးရုံသာ ဖြစ်ခဲ့ရာမှ ယခုအခါ ခုတင်(၁၀၀)ဆံ့ ဆေးရုံကြီးအဖြစ် သို့ တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့။

ထိန်းသိမ်းမြှင့်တင်ကြပါစို့

* ယနေ့ကမ္ဘာ လူတို့ရွာ
ရုပ်စိတ်ဖွံ့ဖြိုးလာ။

* တန်ဖိုးထားပါ ယဉ်ကျေးမှု
နှလုံးသိမ်မွေ့မှု။

* ဓလေ့ထုံးတွေ ခံစားစေ
တန်ဖိုးထားကြလေ။

* ရိုးရာအမွေ ထိန်းသိမ်းလို့
ဆိုကရေးတီးစို့။

* ဒို့တွေဆင်နွဲ ကျင်းပခါ
(၁၇)ကြိမ်ရောက်လို့လာ။

* ရိုးရာဖော်ထုတ် ကျင်းပသွား
ယှဉ်ပြိုင်ကြစို့လား။ ။

ကိုသက်ပိုင်ဦး (သတ္တုတွင်း)

တစ်လ ကျပ်တစ်သိန်းခွဲဖိုး လူနာတွေကို ဆေးအခမဲ့ ထောက်ပံ့ပေးနိုင်ပါပြီ။ ၂၀၀၈ခုနှစ်အတွင်း ပြင်ပလူနာ ၄၁၄၄ဦးနဲ့ အတွင်းလူနာ ၂၅၃၀တို့ကို ကျန်းမာရေး စောင့်ရှောက် ကုသမှုပေးနိုင်ခဲ့ပါတယ်''ဟု ဒေါက်တာဒေါ်နွယ်နွယ်ဝင်းက ဆက်လက်ရှင်းပြသည်။

''ဒီဒေသမှာရှိတဲ့ မွေးကင်းစကလေးတွေမှာ အဖြစ်များတဲ့ ရောဂါကတော့ အသားဝါရောဂါ ဖြစ်ပါတယ်။ ဒါ့အပြင် ဝမ်းပျက် ဝမ်းလျှောရောဂါ၊ ဦးနှောက် ငှက်ဖျားရောဂါတွေလည်းဖြစ်တတ်ပါတယ်။ အချိန်မီကုသရေးနဲ့ ကြိုတင် ကာကွယ်ရေး အစီအမံတွေ လုပ်ဆောင်နေပါတယ်''

''မိုးညှင်းခရိုင် ပြည်သူ့ဆေးရုံကြီးဟာ ပြည်သူတွေ အားကိုးအားထားပြုရတဲ့ ဆေးရုံကောင်းကြီးဖြစ်အောင် ကြိုးစားလျက်ရှိပါတယ်''
ဒေါက်တာအေးအေးဟန်
သားဖွားနှင့်မီးယပ်
အထူးကုဆရာဝန်ကြီး။

ဟု ကလေးအထူးကု ဆရာဝန်ကြီး ဒေါက်တာဒေါ်စန်းစန်းမြင့်က သတင်းအဖွဲ့အား ရှင်းပြသည်။

''ကျွန်မတို့ ဒီမိုးညှင်းခရိုင် ပြည်သူ့ဆေးရုံကြီးမှာ ပုံမှန်ရိုးရိုး မွေးလူနာထက် ခွဲစိတ်မွေးဖွားတဲ့ လူနာက ပိုများပါတယ်။ မိုးညှင်းခရိုင်အတွင်းမှာရှိတဲ့ မွေးလူနာတွေ သာမက အင်းတော်ကြီးဒေသနဲ့ စစ်ကိုင်းတိုင်း မော်လူးဒေသမှာရှိတဲ့ မွေးလူနာများပါ လာရောက်ကုသမှု ခံယူကြပါတယ်။ ဒါကြောင့် ကျွန်မတို့ မိုးညှင်းခရိုင် ပြည်သူ့ဆေးရုံကြီးဟာ ပြည်သူတွေ အားကိုး အားထားပြုနေတဲ့ ဆေးရုံကြီး တစ်ခု ဖြစ်လာပါတယ်''ဟု သားဖွားနှင့် မီးယပ်အထူးကု ဆရာဝန်ကြီး ဒေါက်တာဒေါ်အေးအေးဟန်က ရှင်းပြသည်။

အထူးကု

မိုးညှင်းခရိုင် ပြည်သူ့ဆေးရုံကြီးတွင် ကလေးအထူးကုဆရာဝန်၊ ခွဲစိတ်အထူးကုဆရာဝန်၊ သားဖွားနှင့်မီးယပ် အထူးကုဆရာဝန်၊ သမားတော်၊ မေ့ဆေးအထူးကုဆရာဝန်နှင့် အကြောအရိုး အထူးကုဆရာဝန်များလည်းရှိနေပြီဖြစ်ကြောင်း သိရသည်။

ထို့အပြင် ဆေးရုံသုံးပစ္စည်း အမျိုးမျိုး၊ ဆေးနှင့်ဆေးပစ္စည်းများ စုံလင်စွာ ရှိနေပေပြီ။ ရောဂါများ စမ်းသပ်ရှာဖွေနိုင်သော ULTRA-SOUND ကိရိယာလည်း ရှိနေပြီဖြစ်သည်။

''နိုင်ငံတော်က ဒီဆေးရုံကြီးကို ခုတင်(၅၀)ဆံ့မှ ခုတင်(၁၀၀) တိုးမြှင့်ပေးခဲ့လို့ ပြည်သူတွေအတွက် ကျန်းမာရေး စောင့်ရှောက်မှု အခွင့်အလမ်း ပိုကောင်းလာပါတယ်''
ဒေါက်တာဒေါ်နွယ်နွယ်ဝင်း
မိုးညှင်းခရိုင်
ကျန်းမာရေးဦးစီးဌာနမှူး။

ကျန်းမာရေးစောင့်ရှောက်မှု

သို့ဖြစ်၍ မိုးညှင်းခရိုင် ပြည်သူ့ဆေးရုံကြီးအနေဖြင့် ၁၉၈၈ခုနှစ်နောက်ပိုင်း နိုင်ငံတော်အစိုးရက ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှု တိုးတက်မြင့်မားရေး အဆင့်မြှင့်တင် ဖြည့်ဆည်းပေးနိုင်ခဲ့မှုကြောင့် ဒေသနေပြည်သူများ အားကိုးအားထားပြုရာ ဆေးရုံကြီးတစ်ရုံ အဖြစ်သို့ ရောက်ရှိလာပြီဖြစ်ပါကြောင်း ကွင်းဆင်းစေ့ငုတင်ပြလိုက်ရပါကြောင်း။ ။
(မြန်မာ့အလင်း)

...င် ပြည်သူ့ဆေးရုံကြီး
...င်က ခုတင်(၅၀)ဆံ့
...ဖြစ်ခဲ့ရာမှ ယခုအခါ
...ဆံ့ ဆေးရုံကြီးအဖြစ်
...င်လုပ်ပေးနိုင်ခဲ့။

● *ကျော်ဖုံးမှ*

ပြည်မြို့ကို သန့်ရှင်းသာယာလှပသော မြို့တစ်မြို့ဖြစ်ရေး၊ မြို့တွင်းလမ်းများ တိုးတက်ကောင်းမွန်ရေး၊ မြေယာရှုခင်း အလှများ၊ ဥယျာဉ်ပန်းခြံတို့ဖြင့် သာယာလှပစေရေး

''ပြည်မြို့ သန့်ရှင်းသာယာလှပရေး အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်နေပါတယ်''
ဦးမြတ်စိုး
ဒုတိယညွှန်ကြားရေးမှူး
(ပြည်မြို့စည်ပင်)။

အစဉ်တစိုက် ကြိုးပမ်းလျက်ရှိနေကြောင်း မြို့နယ်စည်ပင်မှ ဒုတိယညွှန်ကြားရေးမှူး ဦးမြတ်စိုးက မြန်မာ့အလင်းသို့ ရှင်းပြသည်။

သောက်သုံးရေ

သတင်းခရီးသည်တို့သည်မြို့နယ်စည်ပင်ရုံးမှ ခရီးဆက်ခဲ့သည်။ ထိုမှတစ်ဆင့် ပြည်မြို့တစ်မြို့လုံးသို့သန့်ရှင်းသော သောက်သုံးရေ ဖြန့်ဖြူးပေးရာ ရေစစ်ကန်စက်ရုံ အမှတ်(၂) သို့ ရောက်ခဲ့သည်။ ထိုရေစစ်ကန်ကြီးသည် ပြည်မြို့ အနောက်ခြမ်း ဧရာဝတီမြစ်ကမ်း နံဘေးတွင် တည်ရှိသည်။ ယင်းရေစစ်ကန်စက်ရုံနှင့် ရေစစ်ကန်အမှတ်(၁)တို့နှစ်ခုပေါင်းမှ တစ်နေ့ရေဂါလန် ကိုးသိန်းခန့်ကို ပြည်မြို့ရပ်ကွက်ငါးခုသို့ ဖြန့်ဖြူးပေးဝေနေကြောင်း ပြည်မြို့ မြို့နယ်စည်ပင်မှ လက်ထောက်အင်ဂျင်နီယာ ဦးခင်မောင်လတ်က မြန်မာ့အလင်းသို့ ရှင်းပြပေးသည်။ ပြည်မြို့တွင် မြစ်ရေတင်စနစ်ဖြင့် သန့်ရှင်းသော သောက်သုံးရေများ ရရှိရေးဆောင်ရွက်နေသကဲ့သို့ မြေအောက်ရေ ရရှိရေး လုပ်ငန်းတို့ဖြင့်လည်း သောက်သုံးရေများ ဖြန့်ဖြူးပေးနေကြောင်း သိရသည်။ မြေအောက်ရေဆိုသည်မှာကား စက်ရေတွင်းများ တူးဖော်လျက် သောက်သုံးရေဖြန့်ဖြူးပေးသောလုပ်ငန်းဖြစ်သည်။

ဆွဲဆောင်လျက်ရှိ

ထိုမှတစ်ဆင့် သတင်းအဖွဲ့သည် မြို့နယ်စည်ပင်မှ ဆောင်ရွက်ထားသည့် လမ်းများနှင့် မြေယာရှုခင်းများသို့ သွားရောက်ကြည့်ရှု

ပဲခူးတိုင်း ပြည်မြို့တွင် ဤသို့ တိုက်တာများဖြင့် ဖွံ့ဖြိုးစည်ပင် တိုးတက်လျက်ရှိသည်ကို တွေ့ရသည်။ (မြန်မာ့အလင်း)

''ပြည်မြို့မှာ သန့်ရှင်းသော သောက်သုံးရေ နေ့စဉ်ဂါလန် ကိုးသိန်း ဖြန့်ဖြူးပေးနေပါတယ်''
ဦးခင်မောင်လတ်
လက်ထောက်အင်ဂျင်နီယာ
(ပြည်မြို့စည်ပင်)။

ခဲ့သည်။ မြို့နယ်စည်ပင်မှ အင်ဂျင်နီယာမှူး ဦးထွန်းထွန်းဇော်နှင့် တိုင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်ညွန့်တို့လည်း လိုက်ပါ ကူညီ ရှင်းပြပေးခဲ့သည်။ ထိုနေရာသည်ကား ရန်ကုန်-ပြည်ကားလမ်းမကြီး တစ်နေရာဖြစ်သည်။ ရန်ကုန်ဘက်မှ ပြည်မြို့အဝင်တစ်နေရာဖြစ်သည်။ မြန်မာနိုင်ငံ၏ မြေပုံကို ပန်းခက်၊ ပန်းညွန့်၊ ပန်းပင်တို့ဖြင့် အလှသရုပ်ဖော်ထားသည်။ အနီးဝန်းကျင်တွင်လည်း ပန်းပေါင်းစုံဖြင့် အလှခြယ်မှုန်း စိုက်ပျိုးထားသည်။ ထိုမြင်ကွင်းသည်ကား ခရီးသွားများကို တစ်မျိုးတစ်ဖုံ ဆွဲဆောင်လျက်ရှိသည်မှာ မငြင်းနိုင်အောင်ပင် ဖြစ်ပါသည်။

ပြသနေ

ထိုမြေယာရှုခင်းများအနီးတွင် ဧရာဝတီမြစ်ကြီးကို ဖြတ်ကူးတည်ဆောက်ထားသည့် နဝဒေးတံတားကြီးကို လှပခံ့ညားစွာ တွေ့ရသည်။ ဤတံတားကြီးကား လက်ရှိ နိုင်ငံတော် အစိုးရလက်ထက်တွင် တည်ဆောက်ဖွင့်လှစ်ပေးခဲ့သော ဧရာဝတီမြစ်ကူးတံတားကြီးများအနက် တစ်စင်း အပါအဝင်ဖြစ်သည်။ နဝဒေးတံတားကြီးပေါ်တွင် မော်တော်ယာဉ်ကြီး ယာဉ်ငယ်တို့ မောင်းနှင်သွားလာနေကြသည်ကို တွေ့ရသည်။ ဒေသနေ ပြည်သူများအတွက် အလွန် ကျေးဇူးများသည့် တံတားကြီးဖြစ်ကြောင်း ပြသနေခြင်းဖြစ်သည်။

ဖွင့်လှစ်ပေး

တစ်ဖန် သတင်းခရီးသည်တို့သည် နည်းပညာတက္ကသိုလ်(ပြည်)၊ ကွန်ပျူတာတက္ကသိုလ် (ပြည်)၊ ပြည်တက္ကသိုလ်တို့သို့လည်း သွားရောက်လေ့လာခဲ့သည်။ ထိုတက္ကသိုလ်များကို နိုင်ငံတော်အစိုးရက ဒေသနေ လူငယ်လူရွယ်များ၊ ဘွဲ့ရပညာတတ်များ တိုးပွားလာပြီး ဒေသနှင့် နိုင်ငံတော်အကျိုး ဖွံ့ဖြိုးတိုးတက်စေရန် စေတနာရှေ့ထား ဖွင့်လှစ်ခဲ့ခြင်းပင်ဖြစ်သည်။ ပြည်မြို့တွင် ယခင်က မရှိခဲ့ဖူးသည့် သူနာပြုသင်တန်းကျောင်း၊ ပညာရေးကောလိပ်တို့ကိုလည်း ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

မြောက်ဘက်တွင် မကွေးတိုင်းနှင့် အရှေ့ဘက်၌ ပဲခူးတိုင်း(အရှေ့ပိုင်း) မြို့နယ်များနှင့် ထိစပ်လျက်ရှိသည်။ အဓိက လမ်းပန်းဆက်သွယ်ရေးမှာ ကားလမ်းနှင့် ရေကြောင်းလမ်းဖြစ်သည်။

အထူးအောင်မြင်

ရန်ကုန်မြို့နှင့် ပြည်မြို့အကြား ခရီးသည်နှင့် ကုန်တင်ကားကြီးများ ဥဒဟို မောင်းနှင်သွားလာလျက်ရှိသည်။ ပြည်ခရိုင်မှ ထွက်ရှိသော ဆန်နှင့် ပဲမျိုးစုံတို့ကို အမြို့မြို့အနယ်နယ်သို့ တင်ပို့နေသည်။ ယခုအခါ ပြည်ခရိုင်တွင် ငွေချည်(၆) ဝါဂွမ်း စိုက်ပျိုးထုတ်လုပ်မှုမှာလည်း အထူး အောင်မြင်လျက်ရှိကြောင်း သိရသည်။ စပါးကို မိုးရာသီနွေပါ

ပြည်မြို့ စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ခဲ့သော ရန်ကုန်-ပြည်လမ်းပေါ်ရှိ မြို့တွင်းလမ်းတစ်နေရာ။ (မြန်မာ့အလင်း)

ရန်ကုန်-ပြည်လမ်းမှ ပြည်မြို့အဝင်ရှုခင်းကို ဤသို့ မြေယာရှုခင်းများဖြင့် တန်ဆာဆင်ထားသည်။ (မြန်မာ့အလင်း)

ဤသို့ဖြင့် ပြည်မြို့သည် အဘက်ဘက်မှ ဖွံ့ဖြိုး တိုးတက်လာရုံမက စီးပွားကူးသန်း ရောင်းဝယ်ရာမှာလည်း အချက်အချာကျသောမြို့ ဖြစ်သည်။ ပြည်မြို့၏ ပထဝီဝင်အနေအထားကို လေ့လာကြည့်လျှင် တောင်ဘက်တွင် ရန်ကုန်တိုင်း၊ အနောက်ဘက်တွင် ရခိုင်ပြည်နယ်၊ အနောက်တောင်ဘက်၌ ဧရာဝတီတိုင်း၊ စိုက်ပျိုးနေသော ဒေသတစ်ခုဖြစ်သည်။ ထို့ကြောင့်ပင် ပြည်မြို့ကို စည်ပင်ဖွံ့ဖြိုး အလှတိုးလာသောမြို့…။ ပညာသင်ယူခွင့် တက္ကသိုလ်ကြီးများ တည်ရှိရာမြို့…။ စီးပွားရေး အချက်အချာကျရာမြို့…ဆိုခဲ့ခြင်းပင် ဖြစ်ပါကြောင်း ကွင်းဆင်းရေးသားတင်ပြလိုက်ရပါသည်။ ။
(မြန်မာ့အလင်း)

ပြည်မြို့၏ တောင်ဘက်တွင် ရန်ကုန်တိုင်း၊ အနောက်ဘက်တွင် ရခိုင်ပြည်နယ်၊ အနောက်တောင်ဘက်၌ ဧရာဝတီတိုင်း၊ မြောက်ဘက်တွင် မကွေးတိုင်းနှင့် အရှေ့ဘက်၌ ပဲခူးတိုင်း(အရှေ့ပိုင်း) မြို့နယ်များနှင့် ထိစပ်လျက်ရှိသည်။

မြန်မာ့ရိုးရာ အနုသုခုမပညာ

ရွှေဘို-သီရိမာလာ

မြန်မာတို့သည် အဆို၊ အက၊ အတီးအမှုတ်ကို ဝါသနာပါကြသည်။ အထူးသဖြင့် ဂီတသည် လူသားတို့၏ နှလုံးသားကို စွဲမက်လန်းဆန်းစေသည်။ အဆိုနှင့် အက၊ အကနှင့်အတီး၊ အတီးနှင့်အဆိုတို့သည် တစ်ခုနှင့်တစ်ခု မှီလျက်၊ ကျေးဇူးပြုလျက် အခြေခံသဘောသဘာဝအားဖြင့် အလွန်နီးစပ်လျက်ရှိသည်။ ၎င်းအနုပညာသုံးရပ်တွင် တစ်ခုချင်းအနေဖြင့်သာမက စည်းလုံးညီညွတ်ခြင်းသဘောသည် တပေါင်းတစည်းအားဖြင့်လည်း အထင်အရှားရှိသည်။ အဆို၏စည်းလုံးညီညွတ်ခြင်း၊ အက၏စည်းလုံးညီညွတ်ခြင်း၊ အတီး၏စည်းလုံးညီညွတ်ခြင်းနှင့် ထိုသုံးရပ်ပေါင်းတို့၏ စည်းလုံးညီညွတ်ခြင်းသဘောကြောင့် ဇာတ်အိမ်ဇာတ်ကွက်တို့သည် ကြည့်ရှုသူ၏ သောတ၊ စက္ခု၊ မန၊ ဝိညာဉ်စိတ်တို့ကို ဆွဲဆောင်နိုင်ခြင်းဖြစ်လေသည်။

မြန်မာတို့သည် အမိဝမ်းမှကျွတ်၍ သေသည်အထိ ဂီတအနုပညာဖြင့် မကင်းကြပေ။ အမိဝမ်းတွင်းက ကျွတ်သည်ဆိုလျှင်ပင် မိခင်၏မေတ္တာ အပြည့်ပါသော တေးချိုချိုသည် လောကအဝင်အဖြစ် နားဝင်ချိုစွာကြားနေရသည်။ "ရွှေဖျိုင်းညို ရေကန်ရိုး၊ ထိုးတဲ့ငါးရှင်၊ ကျောင်းအောက်ကို ဝင်တယ်လေမှ၊ မကြီးငယ်ရွှေစာသင်" "ကြောင်ဖားကြီးရဲ့ မြီးတံတို၊ အဆီစားပါလို့ အသားကိုမျို၊ ကြောင်အိုရယ်ပေမေး ကိုက်ပါနဲ့လေး" စသည်ဖြင့် သားချော့တေးကို ကြားဖူးကြပေလိမ့်မည်။

အသက်အရွယ် အလွန်နုနယ်သော နို့စို့အရွယ်ငယ်စဉ်ကာလ မိခင်ရင်ခွင်တွင် ပိုက်လျက်ဖြစ်စေ (သို့မဟုတ်) ထုပ်တန်းမှ တွဲလောင်းချ၍ ဆင်ထားသော နှီးပုခက်ဖြင့်ဖြစ်စေ၊ သစ်သားဖြင့်ပြုလုပ်ထားသော အောင်ပန်းပုခက်အတွင်း၌ဖြစ်စေ၊ မိခင်သိပ်၍ မအိပ်နိုင်ဘဲ နွဲ့ဆိုးဆိုးကာ တအာအာ တအီအီ အော်မြည်နေသော သားငယ်ကို မိခင်တို့သည် သားငယ်လေးအိပ်ပျော်စေကြောင်း ဖြားယောင်းချော့မော့ကာ သီချင်းကဗျာကိုသီဆို၍ အငိုတိတ်အောင် သိပ်ခဲ့ကြဖူးမည်။ သားသည်မိခင်တို့သည် အဆိုပါ သားချော့တေးဖြင့်လည်းကောင်း "လူကလေးရယ်ငို ခိုဖမ်းလို့ပေး ခိုဖြူခိုပြာနက်ရယ် ဖမ်းခက်လှသေး၊ လူကလေးရဲ့ အိပ်ချိန်တန် ဖျိုင်းရှေ့ကမ့်၊ လူကလေးရဲ့အိပ်ချိန်နီး ဖျိုင်းရှေ့ကဆီး" "ယီလေးယို၊ ချိုပေါက်တဲ့နွား တို့လယ်ကိုဝင်လို့စားတယ်၊ ကြီးတော်ရဲ့နွား" အစရှိသော တေးသီချင်းများဖြင့် ပုခက်လွှဲ၍ ကလေးသိပ်နေကြသည်ကို တွေ့ဖူးကြုံဖူးကြပေလိမ့်မည်။

မြန်မာတို့၏ ကဗျာ၊ လင်္ကာနယ်ပယ်တွင် သားချော့ကဗျာစုတို့သည် ဧချင်း၊ ကျူးချင်း၊ လွဲချင်းဟူသော အမည်များရရှိကြသည်။ အရပ်သားတို့ အစဉ်အလာသုံးစွဲကြသည့် အထက်ပါတေးသီချင်းများမှာ "ကျူးချင်း၊ လွဲချင်း၊ ဧချင်း"စသော အမည်များမသုံးကြပေ။ အရပ်သုံးစကားဖြင့် ကလေးချော့ သီချင်းကလေးများဟူ၍သာ သုံးနှုန်းကြပေသည်။ ရှေးရိုးအစဉ်အလာတွင် အမတ်ပညာရှင်များက သားတော်သမီးတော်တို့ကို ချီးကျူးကာ ဆွေတော်စဉ်မျိုးတော်ဆက် ဘိုးတော်၏ ဘုန်း၊ လက်ရုံး၊ တန်ခိုးအာဏာ၊ ဘေးလောင်းတော်၏ ဘုန်း၊ လက်ရာ၊ အာဏာ ထီးညွန့်နန်းလျာဖြစ်သော အဆိုပါသား သမီးတော်တို့၏ နောင်တစ်ချိန်တွင် တောက်ပမည့် ဘုန်းတန်ခိုး၊ သမ္ဘာတေဇာ စသည်တို့ကို ဖော်ထုတ်ဖွဲ့နွဲ့ထားသော ဧချင်းဟူသော ကဗျာများကို စီကုံးရေးသား တင်ဆက်ကြရလျက် ဝေါကြီးမျှူး၊ ပျော့ကြီးမျှူး အဆိုတော်များက ဖတ်လျှောက်သီဆိုနားသွင်းကြရသည်။

မင်းရဲနရာဧချင်း၊ မင်းရဲဒိဗ္ဗဧချင်း၊ နတ်ရှင်မယ်တော်ဧချင်း၊ သခင်ထွေးဧချင်း၊ မင်းတရားမယ်တော်ဧချင်း စသော ဧချင်းအစောင်စောင်တို့သည် ထင်ရှားသော သက်သေခံများဖြစ်သည်။ ထို့အပြင် အချီတော်၊ အချော့တော်၊ အထိန်းတော်တို့က သားတော်၊ သမီးတော်တို့အား မြပုခက်တွင်တင်ကာ ယဉ်ကျူး၍ ချော့မော့ရသော ကျူးချင်း၊ လွဲချင်း(သို့မဟုတ်) ယဉ်တော်ချင်းဟုခေါ်ဆိုသော ကဗျာဂီတများလည်း ရှိပေသည်။

အမှန်စင်စစ် သီချင်းတီးမှုတ်ခြင်းပညာကို ဂီတပညာဟူ၍ ဆိုလိုခြင်း ဖြစ်ချေသည်။ ဤဂီတပညာသည် သုခုမ(သို့မဟုတ်) အနုပညာတွင် တစ်ပါး ပါဝင်လေသည်။ ဂီတဆရာသည် ခမ်းနားသောအကြောင်းကို ပြောကြားလိုလျှင် ခမ်းနားသောအသံများကို အသုံးပြုလေသည်။ အသွားကိုလည်း စီမံဖွဲ့ဆို၏။ အသံတစ်မျိုးနှင့်တစ်မျိုး ဆီလျော်အောင် စပ်ထားခြင်းကို အသွားဟူ၍ ခေါ်ဆိုသည်။ စကားလုံးက မည်မျှခမ်းနားစေကာမူ အသွားကခမ်းနားခြင်းမရှိ၊ ခမ်းနားခြင်းမဖြစ်လျှင် ၎င်းဂီတမှာ ခမ်းနားမည်မဟုတ်ပေ။ စည်တော်သံများ၏အသွားမှာ ဖြည်းဖြည်းနှေးနှေး ကြန့်ရရနှင့် အလွန်ခမ်းနားပေသည်။ ဆူညံစွာ စကားပြောနေသူများပင် စည်တော်သံကိုကြားရလျှင် တိတ်ဆိတ်၍ သွားပေလိမ့်မည်။ ကြားရသူတို့၏ စိတ်ထဲတွင် နန်းတော်ကြီးကို မြင်ရပေလိမ့်မည်။ ဘုရင်မင်းမြတ်ကို သတိရလာပေလိမ့်မည်။ စိတ်ထဲတွင် တစ်မျိုးခမ်းနား၍လာပေမည်။ တစ်မျိုးကြန့်ရ၍လာပေမည်။ လွမ်းဆွတ်ကြေကွဲဖွယ်ကောင်းသောသီချင်းကို စပ်မည်ဆိုလျှင် လွမ်းဆွတ်ကြေကွဲဖွယ်ကောင်းသော အသံများကို ရောစပ်ပြီးလျှင် လွမ်းဆွတ်ဖွယ်အသွားဖြစ်အောင် ရေးစပ်ရပေမည်။ "စိန်ခြူးကြာညောင်" အစချီသော ဘောလယ်ကို ညဉ့်နက်သန်းခေါင်ကြားလိုက်ရသောအခါ မည်မျှကြည်နူးဖွယ် ကောင်းပါသနည်း။ ရေခင်းသံကို နံနက်အရုဏ်တက်ချိန်တွင် ကြားလိုက်ရသည့်အခါ မည်မျှ သာယာနာပျော်ဖွယ်ဖြစ်ပါသနည်း။ သီချင်းစာသားအဓိပ္ပာယ်ထက် အသံကအရေးကြီးသည်။ မြန်မာစာမတတ်သောသူများပင်လျှင် ဘောလယ်ကိုကြားလိုက်သောအခါ အလွမ်းအဆွေးအကြောင်း စပ်ထားသောသီချင်းမှန် သိပေလိမ့်မည်။ ဘီလူးဆိုင်း၊ ဘီလူး သီချင်းတို့ကို နားထောင်ကြည့်လျှင် မည်မျှကြမ်းတမ်းပါသနည်း။ မည်မျှစိတ်ကိုတုန်လှုပ်စေပါသနည်း။ အိုးစည်သံ၊ ဒိုးပတ်သံကိုကြားလိုက်ရသောအခါ မည်သူသည် မခုန်ပေါက်ချင်ဘဲရှိလိမ့်မည်နည်း။ ပျော်ရွှင်စရာ၊ ကခုန်ချင်စရာအသွားများကို စပ်ဖွဲ့ထားသောကြောင့် ဖြစ်ပေသည်။

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ရှေးဂီတဆရာကြီးတို့သည် အသံကိုကောင်းမွန်စွာ နိုင်သောပုဂ္ဂိုလ်ကြီးများ ဖြစ်ကြသည်။ စောင်းဆရာကြီး ဦးမောင်မောင်လတ်၊ ဘိလပ်ပြန် ဆရာညိမ်း၊ ဆရာမကြီး ဒေါ်စောမြအေးကြည်၊ ဦးဖိုးလှကြီး၊ ဦးချစ်ဖွယ်၊ မစိန်ဆင့်၊ ဒဂုံမောင်ကြီး(ခ)ဦးအလီ၊ ဒေလီညွန့်၊ နန်းတော်ရှေ့ဆရာတင်၊ ရွှေပြည်အေး၊ ဦးပြုံးချို၊ ရွှေတိုင်အေး၊ စိန်ဝေလျှံ၊ ဂီတာစိမ်းမောင်စသည့် ဆရာတို့ဖြစ်သည်။

မြဝတီမင်းကြီး ဦးစနှင့် ရှေးပညာရှင်ကြီးတို့သည် ယိုးဒယားသံကို မြန်မာသံဖြစ်အောင် ဖန်တီးနိုင်ကြသည်။ ယိုးဒယားအကကို မြန်မာအကဖြစ်အောင် ပြောင်းလဲနိုင်သည်။

နန်းတော်ရှေ့ဆရာတင်သည် မြန်မာ့ရှေးဂီတအသံများကို အနောက်နိုင်ငံခေတ်အသံများနှင့် ခေတ်သစ်တီးလုံးတီးကွက်များထွင်ကာ မြန်မာ့အဆို၊ အကကို ကာလဒေသနှင့် လျော်ကန်သည့်အသွင်ဖြင့် တန်ဆာဆင်နိုင်ခဲ့သည်။ မြန်မာပြည်နှင့် တရုတ်ပြည်သည် နယ်မြေချင်းဆက်စပ်လျက်ရှိသဖြင့် တစ်ပြည်နှင့်တစ်ပြည် ရောင်းဝယ်ဖောက်ကားရေး အတွက်လည်းကောင်း၊ ဘုရင်ချင်းချစ်ကြည်ရေးအတွက်လည်းကောင်း ပြန်လည်ချစ်ကြည် ရင်းနှီးမှုများရှိခဲ့သည်။ ကုန်းဘောင်ခေတ် မြဝတီမင်းကြီးနှင့် ပြင်စည်မင်းသားတို့ ပတ်ပျိုးသီချင်းများ ရေးသားစပ်ဆိုချိန်၌ ယိုးဒယားတေးသွားနှင့် တရုတ်တေးသွားများလည်း မြန်မာနိုင်ငံသို့ ရောက်ရှိလာရာ ဂီတပညာရှင်ကြီးများသည် တိုင်းခြားတေးသံများကို မူလအတိုင်းထားရှိလျက်လည်းကောင်း၊ မြန်မာ့တေးသွားများနှင့် ပေါင်းစပ်လျက်လည်းကောင်း မြန်မာ့ဂီတအဖြစ် ဖန်တီးနိုင်ခဲ့ကြသည်။

"ရွှေတညာအစချီဖရုံတင်ယိုးဒယား"အကြောင်းရေးရလျှင် ကုန်းဘောင်ခေတ် သာယာဝတီမင်းလက်ထက်တွင် သက္ကရာဇ် ၁၂၀၄ခု တန်ပေါင်းလဆန်း ၅ရက်တွင် ရွှေဘိုသို့ တရုတ်ပြည်မှသံအဖွဲ့ ရောက်လာသည်။ သံအဖွဲ့တွင် တူရိယာပညာသည်များ ပါလာလေရာ သံအဖွဲ့တည်းခိုနေထိုင်ရာရပ်ကွက်၌ ညချမ်းအခါတွင် တရုတ်တူရိယာအသံများက ဘာသာဘာဝအလျောက် တီးမှုတ်ကြသည်။ သံအဖွဲ့၏တေးသံကို ဘုရင်ကြားရကာ နှစ်သက်ခြင်းရှိသဖြင့် ပြင်စည်မင်းသားအား တရုတ်တေးသံကိုယူ၍ သီချင်း စပ်ဆိုစေသည်။ ပြင်စည်မင်းသားက တရုတ်တေးသံဖြင့် "ရွှေတညာအစချီ"သီချင်းကို စပ်ဆိုသည်။ တရုတ်တေးသံများဖြင့် စပ်ဆိုထားကြောင်းသိသာသော်လည်း ၎င်းသီချင်းကို "ဖရုံတင်ယိုးဒယား"အမည်ပေးကာ ယိုးဒယားသီချင်းဟူ၍ အမှတ်အသားပြုကြပေသည်။

မဟာဂီတပေါင်းချုပ်တွင် ရွှေဘုန်း ငွေဘုန်း၊ ဘုံဆောင်မြင့်၊ ဝေဘာဂီရိ၊ ကျွန်းကျွန်းပိုင်သ၊ ထံတျာ၊ သာယာ၊ သီတာစသည့် ကြိုး ၁၃ ပုဒ်၊ အတိုင်းမသိ၊ ဂန္ဓမာတောင်၊ သည်ဆောင်းဟေမာန်စသည့် ဘွဲ့ ၁၀ပုဒ်၊ ထူးမခြားနား၊ ထောင်ရောင်နေ၊ ဘုန်းမိုးသွန်းလောင်း၊ ဒီပါအောင်ချာ၊ ဆဒ္ဒန်အိုင်သာစသည့် သီချင်းခန့် ၁၀ပုဒ်၊ စိန်ကြောင်နီလာ၊ ချစ်သမျှကို၊ မြမြမောင်းမောင်း၊ ပပဝင်း၊ ယမုန်နာ၊ ရေယမုန်၊ နန်းကြာညိုကြော့ စသည့် ပတ်ပျိုး ၁၀ပုဒ်၊ ကောင်းကြီးသခ်ိ၊ တောမြိုင်ခြေလမ်း၊ မြိုင်ဂန္ဓမာ၊ ပန်းဟေဝန်၊ စိန်ခြယ်ညီးလင်း၊ တောတောင်စွယ်၊ တောင်ယံတော စသည့် ယိုးဒယား ၁၀ပုဒ် ဖော်ပြထားသည်။

အမှန်စင်စစ် သီချင်းဆိုခြင်းတီးမှုတ်ခြင်းပညာကို ဂီတပညာဟူ၍ ဆိုလိုခြင်းဖြစ်သည်။ အဆိုအနုပညာနှင့် ယှဉ်တွဲဖော်ပြရလျှင် အဆိုတွင် အသံ၏စည်းလုံးညီညွတ်ခြင်း၊ ဌာန်တို့၏ စည်းလုံးညီညွတ်ခြင်း၊ အဆို၏စည်းဝါးကိုက်ခြင်း၊ အသံတို့တွင် အနိမ့်အမြင့်၊ အလေးအပေါ့၊ အနှေးအမြန်၊ အတိမ်အနက်၊ အကျယ်အတိုး၊ အလှည့်အပတ်၊ အဖြတ်အတောက်၊ လေယူလေသိမ်း၊ ဘယ်ယိမ်းညာနွဲ့စသည့်ကိစ္စတို့တွင် စည်းလုံးညီညွတ်ခြင်းသည် လိုအပ်လှသည်။ အသံကျယ်ရုံ၊ အသံအမျိုးမျိုးထွက်အောင်ဆိုရုံဖြင့် သာယာနာပျော်ဖွယ်သော ရသကို မဖြစ်နိုင်ပါချေ။ စည်းလုံးမှုမရနိုင်ပေ။

ပေါ့သင့်သောအသံ၊ လေးသင့်သောအသံ၊ အနှေးထွက်ရမည့်အသံ၊ အမြန်ထွက်ရမည့်အသံ၊ အသံလုံးထွားရမည့်အသံ၊ အသံလုံးသေးရမည့်အသံ၊ ဘယ်ကိုချရမည့်အသံ၊ ညာကိုတင်ရမည့်အသံ၊ နှာနှင့်ဆိုရမည့်အသံ၊ အာနှင့်ဆိုရမည့်အသံ၊ ဖြတ်ရမည့်အသံ၊ ဆွဲရမည့်အသံ၊ မာရမည့်အသံ၊ ပျော့ရမည့်အသံစသည်ဖြင့် သူ့နေရာ၊ သူ့ဌာန၊ သူ့မတြာ၊ သူ့အကွက်၊ သူ့အလှည့်၊ သူ့စည်းဝါး၊ သူ့အကြောင်းအရာ အတ္ထုပ္ပတ္တိကိုလိုက်၍ သီဆိုမှသာ အဆို၏ စည်းလုံးညီညွတ်ခြင်းသဘောကို သက်ရောက်နိုင်ပေမည်။

အချုပ်အားဖြင့်ဆိုသော် မြန်မာတို့တွင် မြန်မာ့ယဉ်ကျေးမှုဆိုင်ရာ တသီးတခြား သုခုမပညာများရှိခဲ့သည်။ ကိုယ်ပိုင်ယဉ်ကျေးမှုရှိခဲ့သည်။ ရှေးမြန်မာမှုများ ပျောက်ကွယ်တိမ်မြုပ်သွားလျှင် လူမျိုးလည်း ပျောက်ကွယ်တိမ်မြုပ်မည်စိုးရသည်။ သို့ဖြစ်၍ ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်အနုသုခုမပညာများ ထာဝရရှင်သန်ဖွံ့ဖြိုးနေစေရေးအတွက် တစ်မျိုးသားလုံးက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန်မှာ အမျိုးသားရေးတာဝန်တစ်ရပ်ပင် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ကော့သောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကော့သောင်းမြို့ သာယာလှပရေးအတွက် ဆောင်ရွက်လျက်ရှိရာ မြို့လယ်နာရီစင်နှင့်လမ်းလယ်ကျွန်းအတွင်း မြေယာရှုခင်းအလှ ဆောင်ရွက်နေမှုကို အောက်တိုဘာ ၁၅ရက်က အမှုဆောင်အရာရှိ ဦးမျိုးကြည်၊ ဦးစီးအရာရှိ ဦးဘဌမ်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးဘုန်းဇော်အောင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ညောင်တုန်း၌ အရေးပေါ်သုံး မြန်မာဆေးသေတ္တာပေးအပ်

ညောင်တုန်း အောက်တိုဘာ ၂၉

ကျေးလက်ဒေသနေ ပြည်သူများ၏ ကျန်းမာရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရေးအတွက် တိုင်းရင်းဆေးပညာဦးစီးဌာနကပေးပို့သော အရေးပေါ်သုံးမြန်မာ့တိုင်းရင်းဆေးသေတ္တာ ပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၈ရက်က ညောင်တုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

ပေးအပ်

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်ဇင်နှင့် မြို့နယ်တိုင်းရင်းဆေးခန်းမှူး ဒေါ်ခိုင်ဝင်းရွှေတို့က အရေးပေါ်သုံး မြန်မာဆေးသေတ္တာ ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်ဇင်နှင့် မြို့နယ်တိုင်းရင်းဆေးခန်းမှူး ဒေါ်ခိုင်ဝင်းရွှေ **(ယာပုံ)**တို့က အရေးပေါ်သုံး မြန်မာဆေးသေတ္တာ ၁၀လုံးကို အင်းမကိုန်ချောင်း၊ သဇင်ရေကျော်၊ ကညင်ကောက်၊ ကုက္ကိုဝ၊ ဝါးတောစွန်း၊ ကွမ်းသီးပင်၊ ပေစိ၊ ပါလှဲ့၊ ရန်ကင်းစံရာနှင့် ငှက်ပျောကျွန်း ကျေးရွာ ၁၀ရွာတို့မှ တာဝန်ရှိသူများအား ပေးအပ်ကြသည်။

ဧရာဝတီတိုင်းအတွင်းမှ နာဂစ်လေဘေးသင့်ဒေသများသို့ ပိုမိုပေးအပ်နိုင်ရေးအတွက် တိုင်းရင်းဆေးပညာဦးစီးဌာနက ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ်များအတွက် အရေးပေါ်သုံး မြန်မာ့တိုင်းရင်းဆေးသေတ္တာ အလုံး ၅၀၀ ပေးပို့ခဲ့ကြောင်း သိရသည်။ (၁၅၂)

ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သော အရှေ့ဘက်ကမ်း ရပ်ကွက်အောင် သီ တာ သောက် ရေ ကန်ခြံစည်းရိုး ကာရံခြင်းနှင့် လက်နှိပ်တုံကင် တပ်ဆင်ခြင်း လုပ်ငန်းကို အောက်တိုဘာ ၁၇ရက်က ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစောရွှေနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စာကြည့်တိုက် စံ(၅)ရပ်နှင့်ညီညွတ်ရေး

အင်းစိန်မြို့နယ်တွင် ဆွေးနွေး

ရန်ကုန် အောက်တိုဘာ ၂၉

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် တောင်သူကုန်းရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်း၍ ရပ်ကွက်ကိုယ့်အားကိုယ်ကိုး လင်းရောင်ခြည်စာကြည့်တိုက် စံ(၅)ရပ်နှင့် ညီညွတ်ရေး ဆွေးနွေးပွဲကို ၎င်းစာကြည့်တိုက်၌ အောက်တိုဘာ ၂၃ရက် နံနက် ၁၀နာရီခွဲက ကျင်းပသည်။

အခမ်းအနားတွင် ရပ်ကွက်ဥက္ကဋ္ဌ ဦးမြင့်ဦးက အမှာစကား ပြောကြားပြီး **(အောက်ဝဲပုံ)** မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဒေါ်ခင်နှင်းကြည်က စာကြည့်တိုက်စံ(၅)ရပ်နှင့်အညီ ဖြစ်ပေါ်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ လိုအပ်ချက်များကို ဆွေးနွေးပြီး တက်ရောက်လာသူ စာကြည့်တိုက်ကော်မတီဝင်များ ဖြစ်ကြသော ဦးအေးမောင်(ငြိမ်း)၊ ဗိုလ်ကြီးအောင်သာကျော်(ငြိမ်း)၊ စာကြည့်တိုက်မှူး ဦးမြင့်ဦး၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီရင်းတို့က ပြန်လည်ဆွေးနွေးကြသည်။

ငွေလှူဒါန်း

ဆက်လက်၍ စာကြည့်တိုက်အတွက် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီရင်းက ရန်ပုံငွေစု ဘဏ်စာအုပ်ပြုလုပ်ရန် မတည်ငွေကျပ် ၁၀၀၀၀၊ ဦးသိန်းဝင်းက ငွေကျပ် ၁၅၀၀၀၊ ဒေါ်ဥမ္မာထွန်းကငွေကျပ် ၅၀၀၀ တို့ကို လှူဒါန်းခဲ့သည်။

(ခရိုင် ပြန်/ဆက်)

ငါးသိုင်းချောင်းမြို့ စည်ပင်သာယာရေး အဖွဲ့ပိုင် မြို့မဈေးကြီး၌ အမှိုက်များ သိမ်းဆည်းခြင်းကို အဖွဲ့ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ရာ မြို့တာဝန်ခံ ဦးသိန်းလွင် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကန်ပက်လက်၌ ရေထုတ်ပြွန် တည်ဆောက်ပြီးစီး

ကန်ပက်လက် အောက်တိုဘာ ၂၉

ကန်ပက်လက် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ငွေလုံး ငွေရင်းလုပ်ငန်းမှ မြို့တွင်းဂေဟာလမ်း၌ ရေထုတ်ပြွန်တည်ဆောက်ပြီးစီးမှုအခြေအနေကို ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်အင်ဂျင်နီယာ ဦးသက်တင် ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာ တာဝန်ခံ ဦးဗန်နီလျန်က လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြကြောင်း သိရသည်။ (ပြည်နယ် ပြန်/ဆက်)

အောက်တိုဘာ ၂၀ရက်က လသာမြို့နယ် အထက(၁)ဗဟို စံပြခန်းမ၌ မျိုးဆက်သစ်လူငယ်များ အသိပညာနှင့် နည်းပညာရပ်များ တိုးတက်မြင့်မားရေးအတွက် နယ်လှည့်ပညာပေးဟောပြောပွဲ ကျင်းပရာ ရန်ကုန်အနောက်ပိုင်းခရိုင် ဦးစီးအရာရှိ ဦးစန်းလွင်ဦးက ပညာပြိုင်ကြရမည့် ခေတ်ခေါင်းစဉ်ဖြင့် ဟောပြောစဉ်။ (မြို့နယ် ပြန်/ဆက်)

သာစည်မြို့နယ်အတွင်းရှိ စာကြည့်တိုက်များသို့ ဂျာနယ်များ လှူဒါန်း

သာစည် အောက်တိုဘာ ၂၉

သာစည်မြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များတွင်ထားရှိ၍ ကျေးလက်ပြည်သူများ လေ့လာဖတ်ရှုနိုင်ရေးအတွက် ဂျာနယ်မျိုးစုံ လှူဒါန်းပွဲကို စက်တင်ဘာ ၂၉ရက် နံနက် ၁၀နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် အမှတ်(၄) မြို့မရပ်ရွှေနဂါးကုမ္ပဏီမိသားစုက ဂျာနယ်မျိုးစုံ ၁၀၄ စောင်၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးမြင့်က ဂျာနယ် ၁၃၃ စောင်နှင့် ရန်ကုန်မြို့ တိုးကြောင်လေး အောင်ဇေယျာအိမ်ရာနေ ဗိုလ်ကြီးအောင်မြင့်(ငြိမ်း)မိသားစုက ဂျာနယ်အစောင် ၁၀၀တို့ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးထံ ပေးအပ်လှူဒါန်းသည်။

ပြောကြား

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းတင့်က ကျေးလက်ပြည်သူများ ဖတ်ရှုလေ့လာနိုင်ရန် ဂျာနယ်မျိုးစုံကို လှူဒါန်းကြသည့် အလှူရှင်များအား ကျေးဇူးတင်စကား ပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

လောကတွင် မဖြစ်နိုင်ဟူသောအရာမရှိ ဖြစ်တတ်သောသဘောကို ဖော်ကျူးထားသော သူငယ်ချင်းယောက္ခမ ဇာတ်မြူးကား ရုံဝင်လာ

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

ရန်ကုန် အောက်တိုဘာ ၂၉

စိန်ငွေးရုပ်ရှင်ထုတ်လုပ်ရေးမှ တင်ဆက်ပြီး သက်ဇော်ကို၏ဇာတ်လမ်းကို ဇာတ်ညွှန်း ကိုရွှေမိုးသက်၊ ဒါရိုက်တာကိုဇော်(အရုဏ်ဦး) ရိုက်ကူးသည့် သူငယ်ချင်းယောက္ခမ ဟာသဇာတ်မြူးကားမှာ သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် ရုံဝင်လာသည်။ မန္တလေး ဝင်းလိုက်နှင့် မြို့မရုံများတွင်လည်း တစ်ပြိုင်တည်း ပြသလျက်ရှိသည်။

ဇာတ်လမ်းမှာ ကိုမောင်သိမ်းနှင့် ချစ်ညီညီတို့က အလွန်ချစ်သော သူငယ်ချင်းများဖြစ်သည်။ ကိုမောင်သိမ်း၏သမီး အိချောကို အင်္ဂလိပ်စာသင်ပေးဖို့ နိုင်ငံခြားပြန် လူပျိုကြီး ချစ်ညီညီကို အပ်သည်။ ချစ်ညီညီကလည်း သူငယ်ချင်းသမီးကို တူမရင်းချာသဖွယ် စောင့်ရှောက်သည်။ သို့သော် အိချောက ခပ်ကဲကဲ ခပ်သဲသဲမို့ နောက်ဆုံး လူပျိုကြီးဘဝကို ခဝါချကာ အိချောနှင့်လက်ထပ်ဖြစ်ရာမှ **သူငယ်ချင်းယောက္ခမ**ဇာတ်လမ်း ဖြစ်လာသည်။ အိုးချင်းထား အိုးချင်းထိ၊ ကြိုးချင်းထား

ချစ်ကံပွင့်နှင့် မချောလေးဆယ်မှ ဟိန်းဝေယံနှင့် သူငယ်ချင်းများ။

ကြိုးချင်းငြိဟူသော ဆိုရိုးစကားနှင့်အညီ သမီးမိန်းကလေးကို မည်သူနှင့်မျှ စိတ်ချမထားအပ်ပုံကို သင်ခန်းစာပေးထားသည်။ သမီးမိန်းကလေးရှိသော မိဘတိုင်းနှင့် သမီးမိန်းကလေးတိုင်း လက်မလွှတ်တမ်းကြည့်ရမည့်ဇာတ်ကားဖြစ်ပြီး လောကတွင် မဖြစ်နိုင်ဟူသောအရာမရှိ၊ မဖြစ်သေးတာသာရှိသည်။ ဖြစ်တတ်သော သဘောသဘာဝကို ဖော်ကျူးထားသော ဇာတ်ကားဖြစ်၍ ဘဝသင်ခန်းစာပေးအဖြစ် ကြည့်ရှုသင့်သည်။

ချစ်ကံပွင့်

ဒါရိုက်တာဒေါနဲ၏ အရွယ်လွန်အချစ်ကို ဖော်ကျူးထားသော **ချစ်ကံပွင့်နှင့် မချောလေးဆယ်** ဇာတ်ကားမှာ ရှေ့ဆောင်၊ ရွှေမန်း၊ စံပြ၊ သီတာရုံများတွင် ဆက်လက်ပြသနေဆဲဖြစ်သည်။ **ချစ်လို့စတာ** ဇာတ်ကားမှာ ဝဇီရာရုံတွင် ပြသနေသည်။

သူငယ်ချင်းယောက္ခမ ဇာတ်ကားမှ မိုးဟေကို၏အမူအရာ။

နိုင်ငံခြားဇာတ်ကားများ

ဒါရိုက်တာ ရွန်ဟောင်းဝပ်၏ Angels & Demons အက်ရှင်ဇာတ်ကားမှာ နေပြည်တော်တွင်ပြသနေပြီး မြို့မ တန်းမြင့်ရုံတွင် OM အိန္ဒိယဇာတ်ကားသစ်ရုံဝင်လာသည်။ ရိုးသားသော လူငယ်ဘဝမှ ရာဇဝတ်သားဘဝရောက်အောင် ဖန်တီးပေးသူများကို တန်ပြန်ကလဲ့စားချေသူ လူငယ်တစ်ဦးအကြောင်း ရိုက်ကူးထားသော ဇာတ်ကားသစ်ဖြစ်သည်။ ဘုရင့်ရုံတွင် Fight Club အိန္ဒိယအက်ရှင်ဇာတ်ကားကို ကြည့်ကြရမည်ဖြစ်သည်။

ဗီးနပ်စ်ရဲ့လပ်ဖ်

ဟိန်းဝေယံ၊ သက်မွန်မြင့်တို့ပါဝင်ပြီး ဒါရိုက်တာပိုင်း ရိုက်ကူးထားသော **ဗီးနပ်စ်ရဲ့လပ်ဖ်** အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကားမှာ နဝဒေး၊ မဟာမြိုင်နှင့် ဝဇီရာ-၂ ရုံများတွင် ရုံဝင်လာသည်။ ။ **(မြန်မာ့အလင်း)**

တစ်ပတ်အတွင်း ပရီမီယာလိဂ်အကောင်းဆုံးဘောလုံးသမားများ

➢ ရေးသူ- မောင်မောင်မြင့်ဆွေ ➢ စာမျက်နှာဖွဲ့စည်းမှု- အေးအေးလွင် (မြန်မာ့အလင်း)

လန်ဒန် အောက်တိုဘာ ၂၉

ပရီမီယာလိဂ်ပွဲစဉ်(၁၀)ကို ယှဉ်ပြိုင်ကစားပြီးတဲ့အခါ အကောင်းဆုံးခြေစွမ်းပြနိုင်တဲ့ ဘောလုံးသမားငါးဦးရဲ့ နာမည်စာရင်းတွေကို အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်က အောက်တိုဘာ ၂၇ရက်၌ ထုတ်ပြန်ခဲ့ပါတယ်-

ချယ်လ်ဆီးကွင်းလယ်ကစားသမား လမ်းပတ်။

ဘောလုံးသမားများ

အဲဒီဘောလုံးသမားတွေကတော့ ဝီဂန်တိုက်စစ်မှူး ရှိဒယ်လီဂါ၊ ချယ်လ်ဆီးကွင်းလယ်ကစားသမား လမ်းပတ်၊ လီဗာပူး ဗဟိုခံစစ်မှူး အက်ဂါ၊ ချယ်လ်ဆီးကွင်းလယ်နဲ့ တောင်ပံတိုက်စစ်မှူး ဂျိုးကိုးလ်နဲ့ ဟူးလ်စီးတီးဂိုးသမား မိုင်ဟေးလ်တို့ပဲ ဖြစ်ပါတယ်။

သွင်းယူ

ဝီဂန်တိုက်စစ်မှူး ရှိဒယ်လီဂါဟာ တန်းတက် ဘန်လေအသင်းနဲ့ကစားတဲ့ပွဲမှာ အကောင်းဆုံးခြေစွမ်း ပြနိုင်ခဲ့ပြီး တစ်ဦးတည်း နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။ အဲဒီပွဲမှာ ဝီဂန်ဟာ ဘန်လေကွင်းမှာ သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ယူနိုင်ခဲ့ပြီး အဖိုးတန်သုံးမှတ်ကို ရရှိခဲ့ပါတယ်။ ကိုလံဘီယာတိုက်စစ်မှူးဖြစ်တဲ့ ရှိဒယ်လီဂါဟာ ဂိုးသွင်းတဲ့အခါ လျင်မြန်ပြီး အနေအထားအမျိုးမျိုးက လျှပ်တစ်ပြက် သွင်းယူနိုင်တဲ့သူတစ်ဦး ဖြစ်ပါတယ်။

ဝီဂန်တိုက်စစ်မှူး ရှိဒယ်လီဂါ။

ခြေစွမ်းပြ

ချယ်လ်ဆီးကွင်းလယ်ကစားသမား လမ်းပတ်ကတော့ ပြီးခဲ့တဲ့သီတင်းတစ်ပတ်လုံးမှာ ချယ်လ်ဆီးအတွက် အံ့သြဖွယ်ရာကောင်းအောင် ခြေစွမ်းပြ ကစားပေးနိုင်ခဲ့သူဖြစ်တယ်လို့ ဆိုပါတယ်။ ချယ်လ်ဆီးအသင်းဟာ ဘလက်ဘန်းအသင်းကို ငါးဂိုးပြတ်နဲ့အနိုင်ယူခဲ့တဲ့ပွဲမှာ လမ်းပတ်တစ်ဦးတည်း နှစ်ဂိုးသွင်းယူပေးခဲ့ပါတယ်။ ကစားဖော်တွေ ဂိုးသွင်းနိုင်အောင်လည်း ကွင်းလယ်က အများကြီးပံ့ပိုးပေးနိုင်ခဲ့လို့ ချယ်လ်ဆီးတို့ ငါးဂိုးသွင်းယူနိုင်ခဲ့တဲ့ ဂိုးတိုင်း လမ်းပတ်ရဲ့ပံ့ပိုးမှု မကင်းခဲ့ဘူးလို့ဆိုပါတယ်။ ဒါကြောင့် အက်ဖ်အေက လမ်းပတ်ရဲ့ခြေစွမ်းထက်မြက်မှုကို အသိအမှတ်ပြုခဲ့ခြင်း ဖြစ်ပါတယ်။

လီဗာပူးမှ ခံစစ်မှူး အက်ဂါ။

ဟန့်တားနိုင်

တတိယမြောက်ဘောလုံးသမားကတော့ လီဗာပူးအသင်း ဗဟိုခံစစ်မှူး အက်ဂါပဲ ဖြစ်ပါတယ်။ လီဗာပူးဟာ မန်ယူအသင်းနဲ့ကစားတဲ့အခါ နှစ်ဂိုးပြတ်နဲ့အနိုင်ရရှိခဲ့ပါတယ်။ ဒါပေမယ့် မန်ယူတိုက်စစ်မှူးတွေရဲ့ ချေပဂိုးရရှိရေး ကြိုးစားမှုမှာ အက်ဂါဟာ အဓိက ဟန့်တားနိုင်ခဲ့လို့ လီဗာပူးတို့ ချေပဂိုးမပေးခဲ့ရတာလို့ ဆိုပါတယ်။ မန်ယူတိုက်စစ်မှူးတွေရဲ့ အပိုင်းဂိုးသွင်းမှုနှစ်ကြိမ်ကို ပျက်ပြယ်အောင် အက်ဂါက ဟန့်တားနိုင်ခဲ့လို့ မန်ယူနည်းပြကြီး ဖာဂူဆန်က လီဗာပူးမှာတော့ အကောင်းဆုံးခံစစ်မှူးလို့ ထုတ်ဖော်ပြောကြားခြင်း ခံရသူပါပဲ။ ဘင်နီတက်ဇ်ကလည်း မန်ယူကို အနိုင်ရရှိခဲ့ခြင်းမှာ အက်ဂါရဲ့စွမ်းဆောင်မှုတွေ အများကြီးပါဝင်ခဲ့တယ်လို့ ဝန်ခံပြောကြားခဲ့ပါတယ်။

ပထမဆုံး

စတုတ္ထမြောက်ဘောလုံးသမားကတော့ ချယ်လ်ဆီးကွင်းလယ်နဲ့ တောင်ပံ တိုက်စစ်မှူး ဂျိုကိုးလ်ပဲဖြစ်ပါတယ်။ ဒီနှစ်ဘောလုံးရာသီမှာ ကြွခိုင်မှုမပြည့်လို့ ပါဝင်မကစားနိုင်ဖြစ်နေရာက ပြီးခဲ့တဲ့ ဘလက်ဘန်းနဲ့ပွဲမှာ ဒီရာသီအတွက် ပထမဆုံး ပါဝင်ကစားခဲ့ပါတယ်။ ပွဲချိန်ပြည့် မကစားခဲ့ရပေမယ့် သူပါဝင်ကစားတဲ့ အချိန်အတွင်းမှာ ဘလက်ဘန်းနောက်တန်းကို ၄၅ကြိမ် ဖြတ်ကျော်ထိုးဖောက်နိုင်ခဲ့ပြီး တစ်ဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ ဂျိုကိုးလ်ရဲ့ ထိုးဖောက်ဂိုးသွင်းမှုစွမ်းရည်ဟာ ကမ္ဘာ့အဆင့်မီ ဘောလုံးသမားတစ်ဦးဖြစ်တယ်ဆိုတာ ဖော်ပြနေပါတယ်

ချယ်လ်ဆီးတောင်ပံတိုက်စစ်မှူး ဂျိုကိုးလ်။

လို့ ဆိုပါတယ်။ ဘလက်ဘန်းနဲ့ပွဲမှာ ဂျိုကိုးလ်ဟာ ၇၇မိနစ်ပဲကစားခဲ့ခြင်းဖြစ်ပြီး အံ့သြဖွယ်ရာ ခြေစွမ်းကို ပြသနိုင်ခဲ့ပါတယ်။

ဟူးလ်စီးတီး ဂိုးသမား မိုင်ဟေးလ်။

ကာကွယ်နိုင်

ပဥ္စမမြောက် အကောင်းဆုံး ဘောလုံးသမားကတော့ ဟူးလ်စီးတီးအသင်းဂိုးသမား မိုင်ဟေးလ်ပဲဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ပရီမီယာလိဂ်ပွဲအဖြစ် ဟူးလ်စီးတီးဟာ ပို့စ်မောက်နဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ပွဲမှာ ဂိုးမရှိသရေပွဲဖြစ်ပြီး တစ်မှတ်စီခွဲဝေယူခဲ့ကြပါတယ်။ အဲဒီပွဲမှာ ပို့စ်မောက်တိုက်စစ်မှူးတွေရဲ့ အပိုင်ကန်သွင်းမှုတွေကို မိုင်ဟေးလ်က အကြိမ်ကြိမ် ကာကွယ်နိုင်ခဲ့ပါတယ်။ စိတ်တည်ငြိမ်မှု၊ ဂိုးဖမ်းသေသပ်မှုနဲ့ အမှားအယွင်းနည်းပြီး မှန်ကန်တဲ့ဆုံးဖြတ်ချက်ကို လျင်လျင်မြန်မြန် ချမှတ်နိုင်တဲ့အတွက် မိုင်ဟေးလ်ကို အက်ဖ်အေက ပြီးခဲ့တဲ့ ပရီမီယာလိဂ် သီတင်းတစ်ပတ်အတွင်းမှာ ပဥ္စမမြောက်အကောင်းဆုံး ဘောလုံးသမားအဖြစ် မှတ်တမ်းပြု ဖော်ပြခဲ့ခြင်း ဖြစ်ပါကြောင်း။ ။

ကိုးကား-အင်တာနက်

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

✳ VOA, BBC - ရန်တိုက်ပေးနေသည်။

✳ RFA, DVB - သွေးထိုးနေသည်။

✳ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။

✳ နားမယောင်လေနဲ့ သတိထား။

တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်) တန်ဆောင်တိုင်ပွဲတော်ကာလအတွင်း အထူးအစီအစဉ်များတင်ဆက်မည်

နေပြည်တော် အောက်တိုဘာ ၂၉

အများပြည်သူ ရုံးပိတ်ရက် တန်ဆောင်တိုင်ပွဲတော်ကာလဖြစ်သည့် အောက်တိုဘာ ၃၁ရက်နှင့် နိုဝင်ဘာ ၁ ရက်တို့တွင် တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)၌ အထူးဖျော်ဖြေ တင်ဆက်မှုများအဖြစ် တိရစ္ဆာန်လိမ္မာပြပွဲ၊ ဆင်လိမ္မာပြပွဲများအပြင် အမျိုးသမီးခြင်းလုံး အလှခတ်စွမ်းရည်ပြပွဲများကိုပါ ထည့်သွင်း၍ ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

ကင်ဆာမဟုတ်သော ဆီးကျိတ်ကြီးထွားမှု ကွာစိလှော်စားခြင်းဖြင့် ကာကွယ်နိုင်ဟုဆို

ကင်ဆာမဟုတ်သောဆီးကျိတ်ကြီးထွားမှု (ဘီပီအိတ်ချ်)သည် အမေရိကန်နိုင်ငံ၌ အသက် ၅၀နှင့် ၅၀အထက် အမျိုးသားများတွင် ဖြစ်တတ်သည့် ရောဂါတစ်ခု ဖြစ်သည်။ ဘီပီအိတ်ချ်တွင် ဆီးကျိတ်ဂလင်းကြီးထွားခြင်းလည်းပါဝင်မည်။

အကာအကွယ်ပေးနိုင်

ကွာစိလှော်စားခြင်းဖြင့် ကင်ဆာမဟုတ်သော ဆီးကျိတ်ကြီးထွားမှု (ဘီပီအိတ်ချ်)ကို အကာအကွယ်ပေးနိုင်ကြောင်း တွေ့ရှိရသည်ဟုဆို၏။

ကွာစိလှော်တွင် အပင်များမှရသော ရောင်ခြည်ပစ္စည်းများအပြင်၊ အိုမီဂါ-၃ အဆီများပါဝင်ကြောင်း တွေ့ရသည်။ ဘီပီအိတ်ချ်ရောဂါ အကာအကွယ်ပေးမှုတွင် မည်သည်က ပိုအစွမ်းထက်သည်ကိုမူ ဆက်လက်လေ့လာရဦးမည်ဟုဆိုသည်။

စာမျက်နှာ ၃ ကော်လံ ၅ ✳

ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်မြို့ရှိ သောက်သုံးရေစက်ရုံ အမှတ်(၂)ကို တွေ့ရစဉ်။ (မြန်မာ့အလင်း)

ဖွံ့ဖြိုးဝေစည် မြို့ရှေးပြည်

ပြည် အောက်တိုဘာ ၂၉ ဖက်(စ်)

စည်ပင်ဖွံ့ဖြိုး အလှတိုးလာသောမြို့....။
ပညာသင်ယူခွင့် တက္ကသိုလ်ကြီးများ တည်ရှိရာမြို့....။
စီးပွားရေး အချက်အချာကျရာမြို့....။

ဤမြို့၊ ဤဌာနီ၊ ဤဒေသသည်ကား ပဲခူးတိုင်း(အနောက်ပိုင်း)ဆီက ပြည်မြို့ပေတည်း။ မှန်ပေသည်။ မြန်မာ့အလင်း သတင်းခရီးသည်များသည် မကြာမီက ပြည်မြို့သို့ခရီးဆန့်ခဲ့ကြသည်။ သတင်းအဖွဲ့အား တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ကူညီဖြည့်ဆည်းပေးသည်။ မြို့နယ်စည်ပင်မှ လိုက်လံရှင်းလင်းပြသသည်။

စာမျက်နှာ ၉ ကော်လံ ၃ ●

သတင်းခရီးသည်-
မြင့်မောင်စိုး
ဓာတ်ပုံမှတ်တမ်း-မျိုးမင်းသိန်း (မရမ်းကုန်း)
စာမျက်နှာ ဖွဲ့စည်းမှု
ဇော်ထွန်းဦး
(မြန်မာ့အလင်း)